# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၆) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) သီလဝါ အထူးစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ခံ တောင်သူများကို ပြန်လည်နေရာချထားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားပါသလဲနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ပေးရသူနှင့် မြေယာလျော်ကြေးပေးအပ်ပြီးသူ မည်မျှရှိသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများ စတင် ဆောင်ရွက်ပါမည်နည်း၊ ၃၁-၁၂-၂၀၁၅ ရက်နေ့က tender အောင်မြင်ထားသည့် CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ရန် မည်သည့်အစီအမံများပြုလုပ်နေသည်ကို ဒေသခံပြည်သူများအား ရှင်းပြပေးပါမည်လား၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ ပထမအဆင့်ဆောင်ရွက်မည့် စီမံချက်များကို ဒေသခံများ သိရှိခွင့်ရနိုင်ပါမည်လား တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | (ဂ) ငပုတောမြို့နယ်ရှိ ပင်လယ်နှင့်နီးစပ်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လေ့ရှိသော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter) များ ထပ်မံဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၉ | (ဃ) ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝလုံခြုံရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ကူညီဖြေရှင်းပေးခဲ့ပြီး မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၀ | (င) ခေါင်လန်ဖူးမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းကြောင်းပေါ်ရှိ ကြားစခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၁ | (စ) စစ်ကိုင်းမြို့တွင်းဖြတ်သန်းသွားသော မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို အဝေးပြေးလမ်းမကြီး မြို့တွင်း (၆)မိုင်အား မြို့ရှောင်လမ်းတစ်ရပ် ဖောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၂ |
| ၁၂ | ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း | ၃၈ |
| ၁၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၂ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၆-၇-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်အေးမြမြမိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှ ပြောင်းရွှေ့ခံတောင်သူများကို ပြန်လည်နေရာချထားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားပါသလဲနှင့် သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှ ပြောင်းရွှေ့ပေးရသူနှင့် မြေယာလျော်ကြေးပေးအပ်ပြီးသူ မည်မျှရှိသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများစတင် ဆောင်ရွက်ပါမည်နည်း၊ ၃၀-၁၂-၂၀၁၅ ရက်နေ့က tender အောင်မြင်**

**ထားသည့် CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင် ဆောင်ရွက်ရန် မည်သည့် အစီအမံများ ပြုလုပ်နေသည်ကို ဒေသခံပြည်သူများအား ရှင်းပြပေးပါမည်လား၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့် ဆောင်ရွက်မည့် စီမံချက်များကို ဒေသခံများ သိရှိခွင့်ရနိုင်ပါမည်လား** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်ရှိ ပင်လယ်နှင့် နီးစပ်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လေ့ရှိသော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံ အဆောက်အဦ (Cyclone Shelter) များ ထပ်မံဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝ လုံခြုံရေးအတွက် မည်ကဲ့သို့ ကူညီဖြေရှင်းပေးခဲ့ပြီး မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းကြောင်းပေါ်ရှိ ကြားစခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့တွင်း ဖြတ်သန်းသွားသော မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို အဝေးပြေးလမ်းမကြီး မြို့တွင်း (၆) မိုင်အား မြို့ရှောင်လမ်း တစ်ရပ် ဖောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"ခရစ်ယာန် ထိမ်းမြားခြင်း ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၂၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူများကတော့-

(၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၂ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၂ ရက်၊

(၄) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၂ ရက်၊

(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၆) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၂ ရက်၊

(၇) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၈) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့်၂ရက်၊

(၉) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၁၀) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၂ ရက်၊

(၁၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၁ ရက်၊

(၁၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်နှင့်

(၁၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ခံတောင်သူများကို ပြန်လည်နေရာချထားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားပါသလဲနှင့် သီလဝါအထူး စီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ပေးရသူနှင့် မြေယာလျော်ကြေးပေးအပ်ပြီးသူ မည်မျှရှိသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ သီလဝါအထူးစီးပွားရေးဇုန်မှာ ပြောင်းရွှေ့ခံထားရတဲ့ တောင်သူတွေ အတွက် ပြန်လည်နေရာချထားရေးဘဝထူထောင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မြေယာ လျော်ကြေးနေမှုအခြေအနေတွေကို မေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ ကျွန်မကို Power Point အသုံးပြုပြီး တင်ပြခွင့် ပြုပါရှင့်။ ကျွန်မ ဒီမေးခွန်းတွေကို မေးမြန်းရတဲ့အကြောင်းအရင်းကတော့ သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှာ ပြောင်းရွှေ့နေရာချထားခံရတဲ့ ဒေသခံပြည်သူတို့ရဲ့ ဘဝရပ်တည်ရေးအခြေအနေအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့သောအကျိုးအမြတ်များရရှိပြီး မည်သို့စီမံခန့်ခွဲနေသလဲဆိုတာကို သိချင်လို့။ နောက်ပြီးတော့ အထူးစီးပွားရေးဇုန်အတွင်း ဖြစ်ပေါ်လျက်ရှိတဲ့မြေယာအငြင်းပွားမှု ပဋိပက္ခ တွေကို မည်ကဲ့သို့သောမူဘောင်များဖြင့် ပွင့်လင်းမြင်သာစွာဖြေရှင်းဆောင်ရွက်နေသလဲဆိုတာကို သိလိုတဲ့အတွက် ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ သီလဝါစီးပွားရေးဇုန်အတွက် မြန်မာဘက်က ၅၁ ရာခိုင်နှုန်း ရပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက ၁၀ ရာခိုင်နှုန်း၊ မြန်မာကုမ္ပဏီကိုးခု ဖြစ်တဲ့ MTSH ကနေပြီးတော့မှ ၄၁ ရာခိုင်နှုန်းရပြီးတော့ ဂျပန်ဘက်က ၄၉ ရာခိုင်နှုန်းမှာ JICA က ၁၀ ရာခိုင်နှုန်း၊ MMSTD က ၃၉ ရာခိုင်နှုန်းရတယ်ဆိုပြီး လေ့လာသိရှိရပါတယ်။ ဒါပေမဲ့လည်း အဆိုပါ ကုမ္ပဏီတွေက အစိုးရကို မည်ကဲ့သို့သောအခွန်အခကို ပေးဆောင်နေသလဲ။ မည်ကဲ့သို့သော မြေငှားရမ်းခရရှိနေသလဲ။ နိုင်ငံတော်က ဘယ်လိုပေးသွင်းနေသလဲဆိုတာကိုရော ကျွန်မတို့ ယနေ့အထိ သိရှိခြင်းမရှိပါဘူး။ သီလဝါအထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီတစ်ခုဖြစ်တဲ့ Ball Corporation ဆိုတဲ့ကုမ္ပဏီကနေပြီးတော့မှ ၂၀၁၅-၂၀၁၆ ခုနှစ် အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့ရဲ့ ဒီအစီရင်ခံစာတွေအရ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများအနေဖြင့် ပေးဆောင်ရသောငွေကြေးပမာဏက အမေရိကန်ဒေါ်လာ သန်းရှိနေကြောင်းကို လေ့လာသိရှိရပါတယ်။ အဆိုပါငွေကြေးများအား မည်သို့မည်ပုံစီမံခန့်ခွဲလျက်ရှိပါသလဲ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ဆက်စပ်စီမံကိန်းတွေကြောင့် နိုင်ငံတော်အတွက် မည်၍၊ မည်မျှ အကျိုးအမြတ်ရရှိနေပါသလဲ။ သီလဝါအထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံအတွက်လား။ လက်တစ်ဆုပ်စာကုမ္ပဏီတွေရဲ့အကျိုးစီးပွားအတွက်လား။ နေ့စဉ်နဲ့အမျှ ရောက်ရှိနေတဲ့ မြေယာအငြင်းပွားမှုပြဿနာများအရ ဒေသခံများရဲ့မကျေနပ်ချက်များမှာ လျော့ပါးသွားခြင်းမရှိတဲ့အပြင် ကြီးထွားနေပါသဖြင့် မည်သည့်မူဘောင်စံနှုန်းများဖြင့် ဖြေရှင်းဆောင်ရွက်နေပါသလဲဆိုတာ ကျွန်မတို့ရဲ့ ဒေသခံဖြစ်တဲ့ သန်လျင်၊ ကျောက်တန်းသီလဝါအထူးစီးပွားရေးဇုန်အတွင်းက ပြည်သူတွေ သိချင်နေကြတဲ့မေးခွန်းဖြစ်ပါတယ်။

ကျွန်မတို့ ပထမဦးဆုံး သီလဝါအထူးစီးပွားရေးဇုန်ကို ဟတ်တာ ၄၀၀ နဲ့စပြီး အကောင်အထည်ဖော်တာဖြစ်ပါတယ်ရှင်။ အဲဒီဟတ်တာ ၄၀၀ အတွင်းမှာ ပထမဦးဆုံးဇုန်အနေနဲ့ အကောင်အထည်ဖော်တဲ့ ဒေသခံပြည်သူတွေရဲ့ဘဝအခြေအနေတွေကို ကျွန်မက ဒီ Power Point မှာ တင်ပြထားပါတယ်။ ဒီဟတ်တာ ၄၀၀ အတွင်းမှာ ပထမဦးဆုံး ၂၅ ပေ x ၅၀ ပေ အိမ်လေးတွေနဲ့ နေရာချထားပေးပါတယ်။ မိသားစု ၆၈ ယောက်ကို ပြောင်းရွှေ့တဲ့အခါမှာ မြေယာလျော်ကြေးမပေးဘဲ သီးနှံလျော်ကြေးတွေသာ ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီမှာနေတဲ့ဒေသခံထဲမှာ ၁၂ ဦးသာအလုပ်ရရှိခဲ့ပြီးတော့ ရရှိတဲ့အလုပ်အကိုင်အမျိုးအစားတွေကလည်း လုံခြုံရေးတို့၊ သန့်ရှင်းတို့ဆိုတဲ့ အခြေခံအလုပ်တွေသာဖြစ်ပါတယ်။ ဒီအလုပ်အကိုင်သည် ဘဝရပ်တည်၍မရတဲ့အတွက်ကြောင့်မို့လို့ ပထမပြောင်းရွှေ့တဲ့

နေရာမှာ ရှိနေတဲ့ဒေသခံတွေရဲ့ ဒုက္ခမျိုးစုံခံစားနေရတာကို တွေ့မြင်နေရပါတယ်။ ကျွန်မ Power Point မှာ တင်ပြထားပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူရွေးချယ်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ လူတစ်စုသာအကျိုးရှိပြီး ဒေသခံတောင်သူများ အကျိုးမရှိသည့်အပြင် ဒုက္ခရောက်စေတဲ့လုပ်ရပ်မျိုးကို ရှောင်ရှားကာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပြည်သူ့ဘက်မှရပ်တည်ပေးမည်ကို ကျွန်မတို့ဒေသခံတွေနဲ့အတူ ယုံကြည်နေပါတယ်။ နိုင်ငံတော်အစိုးရမှ နိုင်ငံတကာစံချိန်စံနှုန်းများဖြင့် ပွင့်လင်းမြင်သာစွာ ဒီမိုကရေစီနည်းလမ်းကျစွာ သီလဝါအထူးစီးပွားရေးဇုန်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အကျင့်ပျက်ချစားမှုများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်မညီသော လုပ်ရပ်များ၊ တာဝန်ယူဆောင်ရွက်နေတဲ့ဝန်ထမ်းများ၊ တာဝန်ပေးအပ်ခံရသူများ မပြုလုပ်စေရန်လည်း သတိကြီးစွာကြီးကြပ်မှသာ ပြောင်းရွှေ့နေရာချထားခံရတဲ့ ဒေသခံပြည်သူတွေရဲ့ စိတ်နှလုံးအေးချမ်းပြီး ကောင်းမွန်တိုးတက်သောအပြောင်းအလဲကို လိုက်ပါလာမှာဖြစ်ပါတယ်။ မြေယာလျော်ကြေးပေးလျော်ရန် ညှိနှိုင်းခြင်းမှအစ ပြန်လည်နေရာချထားရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းတို့ကို တည်ဆဲဥပဒေနှင့်အညီ ဒီမိုကရေစီစံချိန်စံညွှန်းများကို မသွေဖီစေဘဲ တာဝန်ရှိသူများ ပြောဆိုလုပ်ကိုင်အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများရဲ့ လေးစားယုံကြည်မှုကို ရရှိလာမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြီးခဲ့တဲ့အစိုးရလက်ထက်က သီလဝါအထူးစီးပွားဇုန်ကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ဒေသခံပြည်သူများကို ပြောင်းရွှေ့နေရာချထားပေးတဲ့ အိမ်ထောင်စု ၆၈ လုံးရဲ့ အဆင်မပြေမှုမှာတော့ ပုံမှာပြထားတဲ့အတိုင်း တွေ့ရမှာဖြစ်ပါတယ်။ မြေယာလျော်ကြေးနဲ့ နေစရာအိမ်သာပေးခဲ့ပြီး အလုပ်အကိုင်မရခဲ့လို့ ယခင်မြေနဲ့ ယာနဲ့ မချမ်းသာချင်နေမယ်။ မတိုးတက်နိုင်ရင်ရှိမယ်။ အေးအေးချမ်းချမ်းရှိခဲ့တဲ့ဘဝတွေဟာ ဒုက္ခရောက်နေခဲ့တာတွေကို တွေ့မြင်ရတာကြောင့် ပြည်သူရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရလက်ထက်မှာ အောင်မြင်စွာဆောင်ရွက်နေပြီဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှာရှိတဲ့ ပြောင်းရွှေ့နေရာချထားခံရတဲ့ဒေသခံ ပြည်သူတို့ရဲ့ဘဝလုံခြုံရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားနေသည်ကို သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သလို သီလဝါအထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံမှာ ထူထောင်လျက်ရှိတဲ့ အထူးစီးပွားရေးဇုန်သုံးခုအနက် အောင်မြင်မှုအရှိဆုံးဇုန်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ သွင်းကုန်အစားထိုးမှုနဲ့ ပို့ကုန်တိုးမြှင့်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ထူထောင်မှုကြောင့် ပြောင်းရွှေ့ပေးခဲ့ရတဲ့ တောင်သူများအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ သီလဝါအထူးစီးပွားရေးဇုန်(A)အတွင်းမှ ပြောင်းရွှေ့ရသူများကို ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ(၃)ရပ်ကွက်မှာ ၂၅ ပေ x ၅၀ ပေ အကျယ် မြေကွက်တွေမှာ ပြန်လည်နေရာချထားပေးခဲ့ပြီး ကျပ် ၂၅ သိန်းတန်အိမ်ရာများ အစားထိုးဆောက်လုပ်ပေးခဲ့ပါတယ်။ ပြန်လည်နေရာချထားတဲ့နေရာအဝင်လမ်းမကြီးကို ကွန်ကရစ်လမ်းဖောက်လုပ်ပေးပြီး လမ်းသွယ်များကို ဂဝံလမ်းနှင့် အုတ်ရေမြောင်းများဖောက်ပေးထားပါတယ်။

ပြန်လည်နေရာချထားပေးတဲ့နေရာဟာ မူလနေရာနှင့် ၃.၅ ကီလိုမီတာခန့်သာဝေးကွာပြီး ရန်ကုန်-သန်လျင်-ကျောက်တန်းလမ်းမကြီးနဲ့ ပိုမိုနီးစပ်သွားပါတယ်။ ယခင်က မြို့ပြမြေပိုင်ဆိုင်မှု၊ လျှပ်စစ်မီးနှင့် ရေပေးဝေမှုစနစ်များမရှိခဲ့သော်လည်းပဲ ပြန်လည်နေရာချထားတဲ့နေရာမှာ မြေပိုင်၊ အိမ်ပိုင်ဖြင့်လည်းကောင်း၊ တစ်အိမ်ချင်း ကိုယ်ပိုင်မီတာဖြင့် လျှပ်စစ်မီးဆက်သွယ်ပေးခြင်းတို့အပြင် အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာများကို ဆောင်ရွက်နိုင်ရန်အတွက် Community Center တစ်ခုကိုလည်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် လယ်ယာမြေနည်းဥပဒေ အခန်း(၈) နစ်နာကြေးနှင့် လျော်ကြေးအပိုဒ်(၆၇/က) အရ ရွှေ့ပြောင်းခဲ့ရသူများကို သီးနှံလျော်ကြေး၏တန်ဖိုးသုံးဆသာ ပေးရမှာဖြစ်သော်လည်း လယ်လုပ်သူများအတွက် (၆)နှစ်စာစပါးအထွက်နှုန်းတန်ဖိုးကို လျော်ကြေးအဖြစ်ပေးအပ်ခဲ့ပြီး

လယ်ယာသုံးကိရိယာပစ္စည်းတန်ဖိုးကိုပေးအပ်ခြင်း၊ ယာလုပ်သူများအတွက် လေးနှစ်စာသီးနှံတန်ဖိုးကို ငွေသားဖြင့်ပေးအပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်အစားအစာအလိုက် သီးသန့်စရိတ်များပေးအပ်ခြင်း၊ ပြောင်းရွှေ့မှုကုန်ကျစရိတ်ကျခံပေးခြင်း၊ ရွှေ့ပြောင်းမိသားစုများအတွင်း အသက် ၆၀ ကျော်ပုဂ္ဂိုလ်၊ ကျောင်းသား၊ ကိုယ်ဝန်ဆောင်မိခင်၊ မကျန်းမာသူ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရောက်ရှိနေတဲ့ မိသားစုဝင်များအတွက် လူမှုရေးအရ ထောက်ပံ့ကြေးပေးခြင်း၊ ပြောင်းရွှေ့စဉ်ကာလ အလုပ်အကိုင်ပျက်ကွက်မှုများအတွက် လုပ်ခပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းခွင်အသစ်သို့ သွားလာနိုင်ရန် ခရီးစရိတ် သုံးလစာထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ပြောင်းရွှေ့နေရာချထားခြင်းခံရတဲ့ ဒေသခံများရဲ့ ဘဝထူထောင်ရေးအလုပ်အကိုင်အခွင့်အလမ်းများအတွက် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးအစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုဖြင့် JICA မှ ပညာရှင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်းပြီး စက်ပြင်သင်တန်း၊ ကားမောင်းသင်တန်း၊ လျှပ်စစ်ပစ္စည်းပြုပြင်သင်တန်း၊ အစားအသောက်ထုတ်လုပ်ရေးသင်တန်း၊ စက်ချုပ်သင်တန်း၊ ပရိဘောဂပြုလုပ်တဲ့သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဂျပန်စာသင်တန်း၊ မှိုစိုက်ပျိုးနည်းသင်တန်း စတဲ့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ၎င်းတို့ရဲ့ဆန္ဒနှင့်အညီ တက်ရောက်သင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလုပ်အကိုင်ရှာဖွေခြင်း(Job Matching)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းအထိ အထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများတွင်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ကျောင်းအပ်နှံပေးခြင်း စတဲ့ အခြေခံလိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ ဝင်ငွေရရှိရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့် စတဲ့ရှုထောင့်များမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ပြောင်းရွှေ့နေရာချထားခံရသူများရဲ့ ယခင်အကြွေးများကို ပြန်လည်ပေးဆပ်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် ကျပ်သိန်း ၃၀ အားငွေသားအထောက်အပံ့မှု (Cash Assistance)အဖြစ် ပေးအပ်ခဲ့ပါတယ်။ ရပ်ရွာဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကျပ်သိန်း ၄၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ဖြစ်ပါတယ်။ ပြောင်းရွှေ့နေရာချထားခံရသူများကို စိုက်ပျိုးရေးပြုလုပ်နိုင်ရန်အတွက် မြေသုံးဧကကို ရပ်ရွာပိုင်မြေ (Community Land)အဖြစ် ပေးအပ်ရန် စီစဉ်ထားရှိပါတယ်။

**မူကြမ်း**

ယခုအချိန်အထိ သီလဝါစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ပေးရသူများအတွက် မြေယာလျော်ကြေးနှင့်ပတ်သက်ပြီး သီလဝါအထူးစီးပွားရေးဇုန်(A)မှ အိမ်ထောင်စု ၆၈ စုအား ပြန်လည်နေရာချထားပေးခဲ့ပြီး ဇုန်(B) ဇရိယာ (၂-၁)၊ ဇရိယာ (၂-၂) အရှေ့မှ ပြန်လည်နေရာ ချထားရမယ့် အိမ်ထောင်စုပေါင်း ၉၁ စုအတွက် ပြင်ဆင်လျက်ရှိပါတယ်။ လျော်ကြေးပေးအပ်ပြီးသူ ၁၄၃ ဦးရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်(A) ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်မှ ကြုံတွေ့ရတဲ့ အခြေအနေများကို သုံးသပ်သင်ခန်းစာယူပြီးတော့ ဇုန်(B) ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ ယင်းလုပ်ငန်းစဉ်အပေါ်မှာ ကျေနပ်မှုရှိကြောင်း ဒေသခံများက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်(B)အတွင်းမှ ပြောင်းရွှေ့နေရာချထားသူများကို မြေယာလျော်ကြေးပေးအပ်ခြင်း၊ လယ်ယာထွက်သီးနှံ ခြောက်နှစ်စာတန်ဖိုးကို ငွေသားဖြင့်ပေးအပ်ခြင်း၊ အိမ်ဆောက်ရန်အတွက် အစားထိုးမြေ ၄၀ ပေ x 50 ပေ ပေါ်တွင် ကျပ်သိန်း ၆၀ တန်ဖိုးရှိတဲ့ အိမ်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မီးနှင့်ရေပေးဝေမှုစနစ်များကိုပါ ဖြည့်ဆည်းပေးခဲ့ပြီး ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ ထို့အပြင် ဇုန်(A)မှာ ပေးအပ်ခဲ့တဲ့ အလားတူလူမှုရေးထောက်ပံ့မှုနဲ့ အကျိုးခံစားခွင့်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားသူများအတွက် အကြွေးများပေးချေခြင်း၊ အသေးစားချေးငွေပေးအပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်တဲ့ ကားမောင်း၊ ကားပြင်၊ အပ်ချုပ် စတဲ့ သင်တန်းပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်းနှင့် ပြောင်းရွှေ့ခံပြည်သူများနှင့် ဒေသခံသန်လျင်၊ ကျောက်တန်းတို့မှ ပြည်သူများကို သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်အကိုင်များနေရာချထားပေးနိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ လာဖြေပေးတဲ့ဝန်ကြီး ကျေးဇူးအများကြီးတင်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ သာသာယာယာတွေ အများကြီးရှိပါတယ်။ ကျွန်မတို့လက်ရှိ ရင်ဆိုင်နေရတာတော့ မသာယာမှုတွေအများကြီးရင်ဆိုင်နေရတဲ့အတွက် ကျွန်မ မေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ဝန်ကြီးက ဒီဒေသခံတွေက ကျေနပ်တယ်လို့ လက်မှတ်ထိုးတယ်ဆိုတာက ဘယ်လောက်ရာခိုင်နှုန်းလဲ။ ကျွန်မတို့ဒေသခံဘယ်သူတွေလဲ။ ဘယ်လောက်ရာခိုင်နှုန်းက ကျေနပ်တာလဲ။ မကျေနပ်ဘူးဆိုတဲ့ အဆင်မပြေတဲ့အသံတွေရော ဝန်ကြီးတို့ကိုယ်တိုင် ဆင်းပြီးတော့ ပြန်လည်

နားထောင်ပေးဖို့ ကျွန်မဖိတ်ခေါ်ပါတယ်။ အဲဒီလိုစီစဉ်ပေးဖို့လည်း ကျွန်မ မေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ လက်ရှိဖြစ်ပေါ်နေတဲ့။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်ကိုပဲ မေးပါ။ ဖိတ်ခေါ်တာတွေ၊ ကြိုဆိုတာတွေက တစ်ဆက်တစ်စပ်နဲ့မဆိုင်ပါဘူး။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ကျွန်မ တစ်ဆက်တစ်စပ်တည်း မေးခွန်းပဲ မေးမှာပါ။ ဒီလိုမျိုးမှသာ ကျွန်မတို့ရဲ့အဖြေတွေက အဆင်ပြေမှာဖြစ်လို့ ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုတွေ၊ ပဋိပက္ခတွေကို လွတ်လပ်တဲ့ကော်မရှင်တစ်ခုဖွဲ့စည်းပြီးတော့မှ ပြန်ပြီးတော့ စိစစ်ဖို့ရှိ/မရှိ။ နောက်ပြီးတော့ ဇုန်(A)နဲ့ ဇုန်(B)မှာ မတူညီမှုတွေ အများကြီးရှိပါတယ်။ အဲဒီမတူညီမှုတွေကြောင့် ကျွန်မတို့ ပြဿနာတွေလည်း ရင်ဆိုင်ရတာဖြစ်ပါတဲ့အတွက် အဲဒီမတူညီမှုတွေရော ဘယ်လိုမျိုးဖြေရှင်းပေးမလဲဆိုတဲ့ဥစ္စာကိုလည်း သိချင်ပါတယ်။

နောက်တစ်ခုက မြိုင်သာယာမှာပြန်ပြီးတော့ နေရာချထားပေးတယ်ဥစ္စာ မှန်ပါတယ်။ အဲဒီမြိုင်သာယာမှာ နေရာချထားတဲ့အကြောင်းအရင်းသည် ဘန်ဘွေးကုန်းဆည် တည်ဆောက်ဖို့ ဆိုပြီးတော့ ရွာငါးရွာကိုရွှေ့ပြီးတော့ အဲဒီမြိုင်သာယာမှာ နေရာချပါတယ်။ နေရာချတဲ့အတွက် အဲဒီမြိုင်သာယာကမြေကို ထပ်သိမ်းပါတယ်။ ထပ်သိမ်းပြီးတော့ အဲဒီနေရာမှာ နေရာချထားတဲ့အခါမှာ အဲဒီ အခုလက်ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွက် နေရာချထားတဲ့နေရာရှိတဲ့ တောင်သူတွေနဲ့ပါ တစ်ခေါက်ပြန်ပြီးတော့မှ ဒီမြေယာပြဿနာမျိုးတွေ ဖြစ်ပါတယ်။ ကျွန်မတို့ မြေပြင်ပေါ်မှာ မြေယာပြဿနာမျိုးတွေက အများကြီးကိုရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်မတို့က ဒီအသံတွေကိုလည်း လာနားထောင်ဖို့နဲ့ ဒီဟာမျိုးတွေကိုဖြေရှင်းဖို့အတွက် သီးခြား လွတ်လပ်တဲ့ကော်မရှင်တစ်ခုဖွဲ့စည်းပြီးတော့မှ ပြန်ပြီးစစ်ဆေးဖို့ ပြောတာပါ။ နောက်ပြီးတဲ့အခါကျတော့ ဇုန်(A) နဲ့ ဇုန်(B)ရဲ့ မတူညီမှုတွေကြောင့်မို့လို့ ရှေ့မှာရှိတဲ့ပြဿနာက အေးသွားရမယ့်အစားပိုပြီးတော့မှ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီသီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီးတော့မှ ကျွန်မတို့က အထူးစီးပွားရေးဇုန်အတွက်ကို ဥပဒေသတ်မှတ်ပြီးတော့မှ လုပ်တာပါ။ အဲဒီတော့ အထူးစီးပွားရေးဇုန်မှာရှိတဲ့ မြေယာဥပဒေကိုလည်း တညီတညွတ်တည်း မူဘောင်တစ်ခုသတ်မှတ်ပြီးတော့မှ လုပ်ပေးဖို့အစီအစဉ်ရှိ/မရှိဆိုတာကို သိချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကိုပဲ ဖြေပါ။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး မေးတဲ့ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပေးလိုပါတယ်။ သီလဝါ စီးပွားရေးဇုန်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီးတော့မှ တိုင်ကြားမှုများရှိလာတဲ့အတွက် မလိုလားအပ်တဲ့ပြဿနာများ လျှော့ချနိုင်ဖို့ အထူးစီးပွားရေးဇုန်များဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ဒုတိယ သမ္မတကနေပြီးတော့မှ ကွင်းဆင်းစစ်ဆေးရန် လမ်းညွှန်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ခေါင်းဆောင်တဲ့ အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ နေ့ရက်မှ ၁၇ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိ ခြင်း၊ မြေသိမ်းလုပ်ငန်းများဆောင်ရွက်ရာမှာ ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းဆိုတဲ့ တိုင်ကြား စွပ်စွဲချက်တွေဟာ လက်တွေ့ကွင်းဆင်းစစ်ဆေးမှုမှာ မှန်ကန်မှုမရှိတာတွေကို တွေ့ရှိခဲ့ရပါတယ်။ တချို့ကိစ္စတွေကတော့ မပြီးဆုံးသေးတဲ့ ဆောင်ရွက်ဆဲလုပ်ငန်းတွေဖြစ်နေတာကို တွေ့ရပါတယ်။ ဇုန် (A) တွင်နေထိုင်ခဲ့သူများအနေနဲ့ ဇုန်(B) ပြန်လည်နေရာချထားမှုလုပ်ငန်းများမှာ ပါဝင်စွက်ဖက်ခွင့် မရရှိတဲ့အတွက် မကျေနပ်ဘဲ တိုင်ကြားမှုတွေ ရှိတယ်ဆိုတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ မြေယာ လျော်ကြေးပေးခြင်းကိစ္စကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုကော်မတီ နဲ့ JICA တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့်အညီ စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မှုကို လက်တွေ့ကွင်းဆင်းလေ့လာနိုင်ပါကြောင်းကိုလည်း ဖိတ်ခေါ်အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများ စတင် ဆောင်ရွက်ပါမည်နည်း၊ ၃၀-၁၂-၂၀၁၅ ရက်နေ့က tender အောင်မြင်ထားသည့် CITIC ကုမ္ပဏီ အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ရန် မည်သည့်အစီအမံများ ပြုလုပ်နေသည်ကို ဒေသခံပြည်သူ များအား ရှင်းပြပေးပါမည်လား၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့်ဆောင်ရွက်မည့် စီမံချက်များကို ဒေသခံများသိရှိခွင့်ရနိုင်ပါမည်လားတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခု မေးမြန်းမှာဖြစ်ပါတယ်။ မေးခွန်းကိုအပိုင်းသုံးပိုင်း ပိုင်းခြားထားပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းကတော့ ပေါ့ပေါ့ပါးပါးလေးပါ။ ဒါပေမဲ့ ဒီပေါ့ပေါ့ပါးပါးလေးမှာ လုပ်တဲ့ကိုင်တဲ့အခါ စောစောက ဒေါ်အေးမြမြမျိုး တင်ပြသလို ကြီးမားတဲ့အခက်အခဲတွေလည်း မလွဲမသွေရှိလာကြမှာပါ။ ကျွန်တော်မေးချင်တဲ့မေးခွန်းတွေကတော့ အစိုးရသစ်လက်ထက်တွင်ဖွဲ့စည်းထားသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ပါမည်နည်း။ ၃၀-၁၂-၂၀၁၅ နေ့က တင်ဒါအောင်မြင်ထားသည့် CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ရန် မည်သည့်အစီအမံများပြုလုပ်နေသည်ကို စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဒေသခံပြည်သူများအား ရှင်းပြပေးပါမည်လား။ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ပထမအဆင့်ဆောင်ရွက်မည့်အစီအမံများကို ဒေသခံများသိရှိခွင့်ရပါမည်လားဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းကတော့ ဒီကျောက်ဖြူဒေသမှာ အထူးစီးပွားရေးဇုန်ထူထောင်ဖို့အတွက် မြေဧကပေါင်း ၄၂၈၉.၃၂ ဧကကို အသုံးပြုဖို့ ပြီးခဲ့တဲ့လွှတ်တော်ကာလ ၂၈-၁၂-၂၀၁၅ နေ့မှာ လွှတ်တော်ကြီးကပဲ ဆုံးဖြတ်ပေးလိုက်ပါတယ်။ အစိုးရအပြောင်းအလဲဖြစ်သွားပြီးတဲ့အခါ စီမံခန့်ခွဲရေးကော်မတီလည်း ပြန်လည်ဖွဲ့စည်းရပါတယ်။ အရင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနဲ့တော့ ကျွန်တော်တို့ကလူချင်းလည်းသွားတွေ့ပါတယ်။ သူလည်းခေါ်ပြီးတော့၊ ဖိတ်ပြီးတော့ပြောပါတယ်။ ကျွန်တော်တို့လည်း ငြင်းကြတယ်၊ ခုန်ကြတယ်။ အဲဒီလို ငြင်းကြ၊ ခုန်ကြရင်းနဲ့ပဲ ကျွန်တော်တို့ပြည်သူတွေရဲ့လိုအပ်ချက်တွေကို မသိကျိုးကျွံပြုပြီးတော့ ကျန်မှန်းမသိ၊ ထားမှန်းမသိ ထားခဲ့တဲ့ဖြစ်စဉ်တွေလည်း တွေ့ရပါတယ်။ အခုစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းပြီးတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်အနေနဲ့ အဓိကက နိုင်ငံတော်အတွက်၊ နိုင်ငံသားများအတွက်၊ နိုင်ငံတကာအတွက် စစ်ရေးမဟာဗျူဟာအရ၊ စီးပွားရေးမဟာဗျူဟာအရ အင်မတန်အရေးကြီးတဲ့နေရာမှာတည်ရှိတဲ့နေရာလည်း ဖြစ်ပါတယ်။ CITIC ကုမ္ပဏီကို ၃၀-၁၂-၂၀၁၅ နေ့က ပြည်ထောင်စုအစိုးရကတင်တာ ဟိုဟာလုပ်လိုက်ပါတယ်။ အဲဒီစီမံကိန်းမှာ ရေနက်ဆိပ်ကမ်းနှစ်ခု၊ နောက်စက်မှုဇုန်လုပ်ငန်းတစ်ခု၊ Housing လုပ်ငန်းတစ်ခု ဒီလိုလုပ်ငန်းတွေပါဝင်မယ်ဆိုတာ သိရပါတယ်။ ဒီစီမံကိန်းကိုအကောင်အထည်ဖော်မှာဖြစ်တဲ့အတွက်ကြောင့် မြေတွေ၊ ယာတွေ သိမ်းမယ်။ ရေနက်ဆိပ်ကမ်းလုပ်တဲ့အတွက်ကြောင့် ချောင်းတွေ၊ မြစ်တွေမှာ ရှာဖွေစားသောက်နေကြတဲ့ ရေလုပ်ငန်းရှင်တွေရဲ့ လုပ်ကွက်

ပျောက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးမယ်။ မြေတွေ၊ ယာတွေသိမ်းတဲ့အတွက်ကြောင့် မြေကိုလုပ်ကိုင်စားသောက်ကြတဲ့ တောင်သူတွေရဲ့မြေယာတွေ ဆုံးရှုံးမှုတွေဖြစ်မယ်။ ရေရှိတဲ့နေရာမှာမှ ရေရှိတဲ့နေရာဆိုတာလည်း အကုန်လုံးမဟုတ်ဘူး။ သားငါးခိုအောင်းရှာဖွေတွေ့ရှိနိုင်တဲ့နေရာမှာမှ ရေလုပ်သားတွေက စီးပွားရှာနိုင်ကြပါတယ်။ အခု ကျောက်ဖြူ SEZ က ရေနက်ဆိပ်ကမ်းနှစ်ခုလုပ်မယ့်နေရာဟာ ကျောက်ဖြူတစ်မြို့နယ်လုံးမှာ ငါးထိတွေ့မှုအများဆုံးဒေသဖြစ်ပါတယ်။ အဲဒီလိုပဲ ဒီမြေတွေကို သိမ်းလိုက်တဲ့အတွက်ကြောင့် ဒီနေရာမှာ အသိမ်းခံရတဲ့တောင်သူလယ်သမားတွေ၊ မြေပိုင်ရှင်တွေကို ဘယ်လိုအစီအမံတွေပြုလုပ်ပေးမယ်၊ လျော်ကြေး ဘယ်လိုပေးမယ် စသည်ဖြင့် ဒေသခံလူတွေက ပါဝင်ဆောင်ရွက်မှု ဘယ်လိုအကျိုးအခွင့်အလမ်းရှိမယ် Investor အနေနဲ့ ဝင်ရောက်ပါဝင်ကြမယ့် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးရှိမယ်ဆိုတာတွေက ဒီလုပ်ငန်းတွေကို ပြည်သူတွေသိချင်နေကြတဲ့အတွက်ကြောင့် ဒီမေးခွန်းတွေကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆန္ဒပြုပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ အစိုးရသစ်လက်ထက်မှာ ဖွဲ့စည်းထားတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းစတင်ဆောင်ရွက်ပါသနည်းဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး လက်ရှိအစိုးရလက်ထက်မှာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့များကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် ရက်စွဲပါအမိန့်စာအမှတ်(၁/၂၀၁၆)ဖြင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ လက်ရှိဖွဲ့စည်းတာဝန်ပေးအပ်သော ကျောက်ဖြူ

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဟာ ယခင်စီမံခန့်ခွဲမှုကော်မတီထံမှ လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တင်ဒါအောင်မြင်ထားတဲ့ CITIC ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများနှင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ဧပြီလ ၂၄ ရက်နေ့တွင်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက်ဆိုင်ရာကိစ္စများ၊ စီမံကိန်း၏ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှုဆိုင်ရာကိစ္စများနှင့် ငွေကြေးထည့်ဝင်မှုအစုရှယ်ယာ ပိုင်ဆိုင်မှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံခြားရင်းနှီးတည်ဆောက်သူနှင့် ဖက်စပ်လုပ်ကိုင်မည့် နိုင်ငံတော်က သတ်မှတ်ပေးမယ့် မြန်မာအများပိုင်ကုမ္ပဏီ(Government Designated Entity-GDE)ဖွဲ့စည်းနိုင်ရေးအတွက် စိတ်ဝင်စားမှုဖော်ပြလွှာ (Expression of Interest)ကို နိုင်ငံပိုင်သတင်းစာများမှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ထည့်သွင်းကြော်ငြာခေါ်ယူခဲ့ပြီး ယခုအခါမှာဆိုလို့ရှိရင် အဆိုပြုမြန်မာကုမ္ပဏီ ၅၂ ခုဖြင့် မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်ဦးပိုင်ကုမ္ပဏီအုပ်စု(Myanmar Kyauk Phyu SEZ Holding Consortium)ကို ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တို့မှာ မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး GDE ဖွဲ့စည်းနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။ CITIC ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများနှင့်လည်း ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နှင့် ၃၀ ရက်နေ့များမှာ တွေ့ဆုံခဲ့ပြီး စီမံကိန်းရဲ့ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှုဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးထည့်ဝင်မှုဆိုင်ရာကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် CITIC Group ဥက္ကဋ္ဌတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာစာလွှာ(Exchange of Letter)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ မေလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ CITIC Group မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများတွေ့ဆုံ၍ မူဘောင်သဘောတူညီချက်ချုပ်ဆိုနိုင်ရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နဲ့ ဒေသပြည်သူများရဲ့ လူမှုစီးပွားရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆန်းစစ်ချက်များပြုလုပ်ရေးကိစ္စ၊ မြေပြင်အနေအထားဆိုင်ရာစစ်တမ်း (Geographical Survey)ဆောင်ရွက်မည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့မှာရှိတဲ့ MICT Park အစည်းအဝေးခန်းမမှာ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာအများပိုင်ကုမ္ပဏီတွင်ပါဝင်မယ့်ကုမ္ပဏီများနှင့် CITIC Group မှတာဝန်ရှိပုဂ္ဂိုလ်များ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲရလဒ်များကိုလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံးမှာ ထပ်မံဆွေးနွေးခဲ့ကြပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ CITIC Group ကုမ္ပဏီ၊ မြန်မာအများပိုင်ကုမ္ပဏီတို့နှင့် ငွေကြေးထည့်ဝင်မှုနှင့် အစုရှယ်ယာပိုင်ဆိုင်မှု အချိုးဆိုင်ရာကိစ္စရပ်များ၊ ဘဏ်ချေးငွေဆိုင်ရာကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်၊ လူမှုရေးထိခိုက်မှုဆန်းစစ်ချက်၊ မြေပြင်အနေအထားဆိုင်ရာစစ်တမ်းတို့ကို ဆောင်ရွက်ရန်ကိစ္စများ၊ မူဘောင်သဘောတူညီချက်ဆိုင်ရာကိစ္စများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ဆွေးနွေးဆောင်ရွက်မှုရလဒ်များပေါ်မှာမူတည်ပြီး စီမံကိန်းလုပ်ငန်းအဆင့်ဆင့်အလိုက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ လုပ်ငန်းဆောင်ရွက်ရန် မည်သည့်အစီအမံများပြုလုပ်နေသည်နှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် စစ်တွေမြို့သို့လည်းကောင်း၊ ၃၀ ရက်နေ့တွင် ကျောက်ဖြူမြို့သို့လည်းကောင်း၊ မေလ ၁ ရက်နေ့တွင် မဒေးကျွန်းတို့သို့လည်းကောင်း သွားရောက်ကာ ဒေသခံပြည်သူများ၊ လူထုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးတင်ပြခြင်း၊ စက်မှုဇုန်တည်ဆောက်မယ့်နေရာကို ကွင်းဆင်းစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဆောင်တဲ့အဖွဲ့ဟာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ၁၉ ရက်နေ့များမှာ

ကျောက်ဖြူမြို့သို့သွားရောက်၍ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ၊ ဒေသခံများကို တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရေးနဲ့ပတ်သက်ပြီးတဲ့အခါကျတော့ ဆွေးနွေးချက်များကို အများမြင်သာထင်သာရှိအောင် တရားဝင်ထုတ်ပြန်အသိပေးသွားမှာဖြစ်ပြီး ယင်းသို့အသိပေးရာမှာလည်း ဒေသခံပြည်သူများနှင့်ထိတွေ့ဆောက်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ အချက်အလက်များကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးတွင်လည်းကောင်း၊ CITIC ကုမ္ပဏီတွင်လည်းကောင်း၊ ဖွဲ့စည်းမည့်မြန်မာ အများပိုင်ကုမ္ပဏီတွင်လည်းကောင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းသိရှိနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းဟာ အရင်းအနှီးကြီးမားပြီး ရေရှည်ဆောင်ရွက်ရမယ့်စီမံကိန်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူမှုစီးပွားရေးဘဝများ ပိုမိုမြင့်မားတိုးတက်ရေးအပါအဝင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ အရေးပါတဲ့စီမံကိန်းတစ်ခုဖြစ်တဲ့အတွက် ဒီစီမံကိန်းအောင်မြင်အောင် ပွင့်လင်းမြင်သာစွာဖြင့် အစွမ်းကုန်အားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး နည်းနည်းမေးချင်လို့ပါ။ ဝန်ကြီးဖြေတဲ့အတွက်ကြောင့် ကျွန်တော်တို့ကြားချင်တာတွေလည်းကြားရတယ်။ ပြည်သူတွေလည်း နားထောင်လို့ကြားကြရမှာပေါ့လေ။ Investor တွေလည်း ကြားကြရမှာပဲ။ ကျွန်တော် ဒီမူလ မေးခွန်းမှာပါတဲ့ မေးခွန်းရဲ့ဒုတိယပိုင်းပေါ့လေ။ CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ရန်မည်သည့်အစီအမံများပြုလုပ်နေသည်ကို စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဒေသခံများအား ရှင်းလင်းပေးပါမည်လား၊ နောက်တစ်ခုက အထူးစီးပွားရေးဇုန်ရဲ့ ပထမအဆင့်ဆောင်ရွက်မည့်စီမံချက် များကို ဒေသခံပြည်သူများ သိရှိခွင့်ရပါမည်လားဆိုတဲ့ဟာနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဖြေတဲ့ထဲမှာ သိချင်လို့ရှိရင် ဒီလိပ်စာပေးထားတဲ့နေရာဌာနသုံးခုကို ဆက်သွယ်လို့မေးဆိုတော့ ကျွန်တော်တို့ပြည်သူတွေ ဘယ်လိုလုပ်မေးကြမှာလဲ။ ကျွန်တော်တို့ပြည်သူတွေမမေးတတ်ပါဘူး။ အဲဒီတော့ ပြည်သူတွေသိအောင် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးဖို့ အဲဒီတစ်ချက်ကို လုပ်နိုင်မလားဆိုတဲ့တစ်ချက်ရယ်၊ နောက်တစ်ခါ ၃၀-၄-၂၀၁၇ နေ့ ပြည်ထောင်စုဝန်ကြီး ကျောက်ဖြူကိုရောက်လာပါတယ်။ ကျွန်တော်

တို့နဲ့လည်းတွေ့ပါတယ်။ ပြည်နယ်ကဝန်ကြီးလည်းပါပါတယ်။ ဒေသခံပြည်သူတွေကို အိမ်တိုင်ရာရောက် ကွင်းဆင်းပြီးတော့ ဝန်ကြီးကိုယ်တိုင်မဟုတ်ရင်လည်း ဝန်ကြီးတို့ဌာနကလူတွေ ရောက်ဖို့လိုတဲ့အကြောင်းကို ကျွန်တော်အကြံပြုခဲ့ပါတယ်။ ပြီးခဲ့တဲ့လက ရခိုင်ပြည်နယ်က ပြည်နယ်ဝန်ကြီး ကျောက်ဖြူကိုလာတော့ မြေတစ်ဧကကို သိန်း ၇၀၀၊ ၈၀၀၊ ၉၀၀ ထိတောင်းဆိုတယ်ဆိုတဲ့အခြေအနေကလည်း ပေါ်နေတဲ့အတွက်ကြောင့် ကျွန်တော်စောစောက တင်ပြထားတဲ့မြေပြင်အခြေအနေကို ကိုယ်တိုင်တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ကွင်းဆင်းသွားရောက်ပြီးတော့ ဒေသခံပြည်သူတွေကို ကိုယ်လုပ်မယ့်လုပ်ငန်းကို အသေးစိတ်ရှင်းလင်းဖို့ အဲဒီတစ်ချက်လည်းမေးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကျောက်ဖြူဒေသ၊ အထူးသဖြင့် ရခိုင်ပြည်နယ်ဟာ အလွန်တရာမှ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုမှာ၊ နေပြည်တော်ပါဆို ၁၅ ခုပေါ့။ အောက်ဆုံးနောက်ဆုံးရောက်နေတယ်။ သဘာဝသယံဇာတတွေအလွန်ပေါပေမဲ့လည်း ဒီလောက်ဆင်းရဲမွဲတေတဲ့ဒေသမှာ ဒီလိုစီးပွားရေးဇုန်တစ်ခု ကျွန်တော်တို့ အင်မတန်လိုချင်ပါတယ်။ အလွန့်အလွန်ကို လိုချင်ကြပါတယ်။ အဲဒါကြောင့် ဒီမေးခွန်းလေးကို ဆက်စပ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုမှာ ဆက်သွယ်ရန်ဗဟိုဌာနအဖြစ်ဆောင်ရွက်တဲ့ဝန်ကြီးဌာနဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်သုံးခုကိုလည်း ကျွန်တော်တို့အနေနဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဟာဆိုလို့ရှိရင် ကျွန်တော်နောက်ဆုံးပြောခဲ့တဲ့အတိုင်းပဲ ရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ တကယ်တော့ ကျောက်ဖြူအထူးစီးပွားရေးဇုန်က အကျိုးအမြတ်တွေဟာ ၂၀၃၉ ခုနှစ်မှရရှိမယ်လို့ ခန့်မှန်းထားတာရှိပါတယ်။ အရင်းအနှီးပမာဏကလည်း ကြီးမားပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ပြောခဲ့သလိုပဲ မဟာဗျူဟာအရ အရေးပါတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က မြင်သာထင်သာရှိစွာနဲ့ တိုင်ပင်ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးအနေနဲ့လည်း ဒီဒေသကိုသွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအနေနဲ့လည်း ဒီဒေသကို သွားရောက်ပြီးတော့မှ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့မြေယာလျော်ကြေးများနဲ့ပတ်သက်ပြီးတဲ့အခါကျတော့ သီလဝါစက်မှုဇုန်မှာ ကျွန်တော်တို့ မြေယာ

လျော်ကြေး အခုနေအတွင်းမှာပေးတာဟာ သိန်း ၂၅၀ ဖြစ်ပါတယ်။ ဒါဟာရန်ကုန်နဲ့အနီးဆုံးနေရာမှာ သိန်း ၂၅၀၊ ဒါပေမဲ့ ကျောက်ဖြူဒေသမှာ အခု တောင်းနေတာကတော့ မြေတစ်ဧကကို သိန်း ၉၀၀ အထိ တောင်းနေတာတွေ့ရပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့အနေနဲ့ ဒေသခံများနဲ့တွေ့ဆုံညှိနှိုင်းပြီးတော့မှ၊ ဆက်လက်ထိတွေ့ပြီးတော့မှ ဆောင်ရွက်သွားပါမယ်။ ကျွန်တော် ခုနကတင်ပြခဲ့တဲ့ကိစ္စကတော့ ဘာလဲဆိုရင် ထပ်မံပြီးတော့မှ သိရှိလိုတာများရှိခဲ့တယ် ဆိုလို့ရှိရင် ဒီဌာနသုံးခုကိုလည်း ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူများနဲ့မြင်သာထင်သာရှိစွာနဲ့ ဆက်သွယ်ပြီး ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်ဖြစ်ပါ တယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ မေးခွန်းကို ပြန်လည်ဖြေကြားတဲ့အခါမှာ ယေဘုယျ ဆန်ဆန်ဖြေမယ့်အစား မေးခွန်းမှာပါတဲ့အချက်အလက်ကို ထိထိရောက်ရောက်ဖြေဆိုနိုင်ပေးဖို့ ကြိုးစားပေးပါလို့ ပြောကြားလိုပါတယ်။ မေးခွန်းများဖြေကြားပြီးတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ငပုတောမြို့နယ်ရှိ ပင်လယ်နှင့်နီးစပ်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လေ့ရှိသော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter) များ ထပ်မံဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာရှိ ပင်လယ်နှင့်နီးစပ်ပြီး မုန်တိုင်းအန္တရာယ်တွေ ကျရောက်လေ့ရှိတဲ့ကျေးရွာတွေအတွက် မုန်တိုင်းဒဏ်ခံအဆောက်အဦခေါ် Cyclone Shelter တွေကို ထပ်မံဆောက်လုပ်ပေးဖို့ ဘယ်လိုအလေးထားဆောင်ရွက်နေတယ်ဆိုတာ ကိုသိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငပုတောမြို့နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်တောင်ဘက်စွန်းမှာ တည်ရှိတဲ့၊ ပင်လယ်တွေနဲ့ ဝိုင်းရံနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့မြစ်ဝကျွန်းပေါ်ဒေသကို ဆိုင်ကလုန်းမုန်တိုင်းတွေ ဝင်ရောက်ရာ မုန်တိုင်းလမ်းကြောင်းရဲ့ တံခါးဝမှာလည်း တည်ရှိနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း မြစ်ဝကျွန်းပေါ်ဒေသကို အကြိမ်ပေါင်းများစွာ ဦးတည်ဝင်ရောက်လာပြီးတဲ့ မုန်တိုင်းကြီးငယ်အသွယ်သွယ်တွေဟာ ကျွန်တော်တို့ငပုတောမြို့နယ်ကိုသာ စတင်တိုင်ခတ်ချေမှုန်းပြီးတော့မှ ကျန်ရှိတဲ့မြို့နယ်တွေကို ခရီးဆက်လေ့ရှိတာကိုအားလုံးအသိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ပေါင်း ၁၀၀ အတွင်းမှာ ငပုတောမြို့နယ်ရဲ့ သေပျောက်မှုအများဆုံးဘေးအန္တရာယ်တွေအနက်မှာတော့ အင်အားပြင်းတဲ့ဆိုင်ကလုန်းမုန်တိုင်းတွေဟာ သိန်းနဲ့ချီတဲ့ လူသတ္တဝါတွေကို ဝါးမြိုစားသောက်ခဲ့တဲ့ အန္တရာယ်အပေးဆုံး သဘာဝဘေးအန္တရာယ်ဆိုးကြီးအဖြစ် စံချိန်တင်ခဲ့တာကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငပုတောမြို့နယ်ရဲ့ ပြည်သူတွေကတော့ လုံခြုံစိတ်ချရတဲ့ အသက်ရှင်သန်ခွင့်ကို ခေတ်အဆက်ဆက်မှာ တောင့်တမျှော်လင့်နေခဲ့ကြပါတယ်။ မုန်တိုင်းဒဏ်၊ ဆူတာမီဒဏ်တို့ရဲ့ ဒုက္ခကလွတ်လမ်းကိုလက်ရှိအချိန်၊ လက်ရှိအခြေအနေလေးမှာ ပိုမိုမျှော်လင့်နေကြပါတယ်။ သို့ပါသော်လည်း ယနေ့အထိ Cyclone Shelter ၁၅ လုံးအပြင် လူဦးရေအချိုးအစားအရ ပြည့်စုံလုံလောက်တဲ့ ထပ်မံတည်ဆောက်မှုတွေကို လုပ်မပေးနိုင်တာကိုက ငပုတောမြို့နယ်သူ၊ မြို့နယ်သားတွေအတွက် ကြေကွဲဆို့နစ်ဖွယ် နာမည်ဆိုးကြီးကို မမက်ချင်ဘဲ ဆက်မက်နေကြရပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်း ဝင်ရောက်လာဖို့ ဦးတည်လာခဲ့တဲ့ ကြံ့အမည်ရှိတဲ့ မုန်တိုင်းဟာ သမီးလှကျွန်း အရပ်အခေါ် မော်တင်စွန်းအနီးမှာရှိတဲ့ လိပ်ကျွန်းလို့ခေါ်ပါတယ်။ အဲဒီအနီးရောက်ပြီးမှ နောက်ကြောင်းပြန်လှည့်သွားလို့သာ ငပုတောမြို့နယ်သားများ နောက်တစ်ကြိမ်အသက်ဆုံးရှုံးရခြင်းဘေးကနေပြီးတော့ သက်သာလွတ်ကင်းသွားရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငပုတောမြို့နယ်မှာရှိတဲ့ ပင်လယ်နှင့်နီးစပ်နေတဲ့ဒေသတွေမှာ နှစ်စဉ် Cyclone Shelter တွေ ထပ်မံတည်ဆောက်ပေးရန် ဘတ်ဂျက်တွေ လျာထားခြင်းရှိ/မရှိ သိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်မေးမြန်းထားရှိတဲ့ ငပုတောမြို့နယ်ရှိ ပင်လယ်နှင့်နီးစပ်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လေ့ရှိတဲ့ ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter)များ ထပ်မံဆောက်လုပ်ပေးရန် မည်သို့အလေးထားဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီးတော့ United Nations University က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထဲက ၁၇၁ နိုင်ငံကို ၂၀၁၆ ခုနှစ်မတိုင်မီ အခြေအနေတွေကို လေ့လာဆန်းစစ်ပြီး ထုတ်ပြန်ခဲ့တဲ့ World Risk Report(2016)အရ မြန်မာနိုင်ငံဟာ သဘာဝဘေးဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ၁၇၁ နိုင်ငံအနက်မှ အဆင့် ၄၂ ဖြစ်ပြီးတော့ ဘေးဖြစ်ပွားမှုအပေါ် ချက်ချင်တုံ့ပြန်ဆောင်ရွက်နိုင်တဲ့ စွမ်းဆောင်ရည်ရှိမှု၊ အဆင်သင့်ဖြစ်မှုမှာ အဆင့် (၁၅၇) ဖြစ်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သဘာဝဘေးကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းအသင့်ဖြစ်ရေး ထိရောက်စွာအားထုတ်ကြိုးပမ်းရန် လိုအပ်နေတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ သဘောဝဘေးဒဏ်ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိဖို့အတွက်၊ အသင့်ဖြစ်စေဖို့အတွက် မူဝါဒအသစ်များ ချမှတ်ပြီးတော့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ စီမံချက်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်ဖို့အတွက် အဆင်သင့်ဖြစ်ရေးမှာ ခိုလှုံဖို့ ကြံ့ခိုင်တဲ့ အဆောက်အဦရှိမှု၊ လမ်းတံတားကြံ့ခိုင်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုံခြုံစိတ်ချရမှု၊ လျှပ်စစ်စွမ်းအင်အသုံးပြုနိုင်မှုစတဲ့ အဓိကဆောင်ရွက်ရမည့်ကိစ္စများရှိပါတယ်။ ဒါကြောင့် ခိုင်ခံ့တဲ့ Cyclone

Shelter များ အဆင်သင့်ရှိရေးဟာ အရေးကြီးပါသဖြင့် Cyclone Shelter များတည်ဆောက်ပေးရန် အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်ရဲ့မေးမြန်းခြင်းဟာ ဘေးဒဏ်ခံပြည်သူတို့ရဲ့ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့မေးမြန်းခြင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာ နာဂစ်အပြီး Cyclone Shelter များတည်ဆောက်ပေးတာဟာ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိ ၁၄ လုံးတည်ဆောက်ပြီးဖြစ်ပါသည်။ သို့သော်လည်း ငပုတောမြို့နယ်မှာရှိတဲ့ ကျေးရွာတွေဟာ သဘာဝဘေးအန္တရာယ်ကျရောက်ရင် ထိခိုက်မှုများတဲ့ဒေသဖြစ်ခြင်း၊ လူဦးရေနှင့် Cyclone Shelter အရေအတွက် မမျှတခြင်း၊ သဘာဝဘေးကြောင့်အသက်ဆုံးရှုံးမှုမရှိရအောင် အဆင်သင့်ပြင်ဆင်ထားရှိရာမှာ Cyclone Shelter ဆောက်လုပ်ခြင်းဟာ ထိရောက်မှုရှိခြင်း၊ ဒေသအတွက် ဘက်စုံအသုံးပြု၍ရခြင်းတို့ကြောင့် ထပ်မံ၍ Cyclone Shelter ကိုးလုံးကို ငရုတ်ကောင်းကျေးရွာ ရပ်ကွက်(၁)၊ နတ်မော်ကျေးရွာ၊ ကွင်းဘက်ကျေးရွာ၊ ဟိုင်းကြီးကျွန်းအပိုင်းမှာ ဆီလောင်ကျေးရွာ၊ ရေသိုးကျေးရွာ၊ ဟဲလက်ကျေးရွာ၊ ခမောက်မော်ကျေးရွာ၊ ကံချိုင်ကျေးရွာနှင့် ဇီးချိုင်ကျေးရွာများမှာ အသီးသီးဆောက်လုပ်ရန် စီစဉ်ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒီ Power Point မှာ ပြထားတာကတော့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ Cyclone Shelter များ တည်ဆောက်ထားရှိမှု အခြေအနေဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ရန် ကျန်ရှိတဲ့အခြေအနေများကို တင်ပြထားတာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ဆောက်လုပ်ပြီး Cyclone Shelter အလုံး ၇၀ ရှိပြီးတော့ ဆောက်လုပ်ဆဲ ၁၃ လုံး ရှိပါတယ်။ ဆောက်လုပ်ရန် ကျန်ရှိတာ ၃၂ လုံးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဆောက်လုပ်ပြီး Cyclone Shelter ကိုးလုံးရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ဆောက်လုပ်ပြီး ၁၄ လုံးနှင့် ဆောက်လုပ်ဆဲ ၁၀ လုံး၊ ဆောက်လုပ်ရန်ကျန် အလုံး ၃၀ ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာ ဆောက်လုပ်ဆဲ Cyclone Shelter နှစ်လုံးရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ဆောက်လုပ်ဆဲ ငါးလုံးရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ဆောက်လုပ်ဆဲသုံးလုံးဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ဆောက်လုပ်ဆဲ Cyclone Shelter တစ်လုံးနှင့် ဆောက်လုပ်ရန် နှစ်လုံးရှိပါတယ်။ ဒီဆောက်လုပ်ရန် ကျန်တယ်ဆိုတဲ့ စုစုပေါင်း ၆၄ လုံးဆိုတာဟာ ကျွန်တော်တို့အနေနဲ့ စီမံချက်ချပြီးသား၊ ဘဏ္ဍာငွေလည်း လျာထားပြီးသားဖြစ်တဲ့အတွက်ကြောင့် အခုဒီနှစ်ကစပြီးတော့ ဒီနှစ်ထဲမှာပဲ စတင်အကောင်အထည်ဖော်

ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် ဒီနှစ်ကုန်ပြီးနောက်ပိုင်းမှာ ဒီဘတ်ဂျက်နှစ်အတွင်းမှာပဲ စုစုပေါင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ၁၉၁ လုံးအထိ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း Cyclone Shelter များကို တိုးချဲ့ဆောက်လုပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်လို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားရှိတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာ Cyclone Shelter များ ဆောက်လုပ်ပေးဖို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ၂၀၁၃၊ အခန်း (၆) ပုဒ်မ ၁၆ ပုဒ်မခွဲ(က)အရ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိတဲ့ဒေသတွေမှာ သဘာဝဘေးအန္တရာယ်မကျရောက်မီ ဆောင်ရွက်ရမည့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးရမယ်လို့ ပါရှိတဲ့အတွက်ကြောင့် အဲဒီ Cyclone Shelter ကိုးလုံးဆောက်လုပ်ဖို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနဲ့ ဆောက်လုပ်ပေးရန်စီစဉ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝလုံခြုံရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ကူညီဖြေရှင်းပေးခဲ့ပြီး မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ၁၂-၅-၂၀၁၇ ရက်နေ့ ညနေပိုင်းတွင် ကျွန်တော်၏ အမှတ်(၂) မဲဆန္ဒနယ်မြေ ကဒူးကြီးကျေးရွာအုပ်စုရှိ မိုက်ရှားစေးရွာနှင့် ပုံးစုတ်ရွာနှစ်ရွာတို့သည် ရိက္ခာနှင့် လူသစ်စုဆောင်းခြင်း ဖိအားများကြောင့် နားဟီးကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများရှိရာသို့ ထွက်ပြေးခိုလှုံလာကြခြင်းနှင့်စပ်လျဉ်း၍ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ တိမ်းရှောင်ရွာနှစ်ရွာမှ အိမ်ထောင်စုပေါင်း ၄၅ အိမ် စုစုပေါင်းလူဦးရေ ၂၀၉ ဦးဖြစ်ပါ

တယ်။ ယခုလက်ရှိ နားဟီးကျေးရွာမှာပဲ မိုးကာတဲများထိုးပြီးမှ စုပေါင်းနေထိုင်နေကြရပါတယ်။ အချိန်ကာလအားဖြင့် နှစ်လတာနီးပါးကြာမြင့်ခဲ့ပြီး အလှူရှင်များပံ့ပိုးမှုဖြင့် စားဝတ်နေရေးကိစ္စများ ဖြေရှင်းနေခဲ့ရပါတယ်။ ကျောင်းနေအရွယ်ကလေးတွေကို အ.မ.က နားဟီးမှာပဲ ယာယီစာသင်နိုင်အောင် စီစဉ်ထားပေးရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနရှိပါတယ်။ မြို့နယ်ဆရာဝန်ကိုယ်တိုင် မိမိအစီအစဉ်နဲ့ ၂၈-၅-၂၀၁၇ ရက်နေ့မှာ RI အကူအညီနဲ့ တစ်ညအိပ်ခရီးသွားရောက်ကုသပေးခဲ့ပါတယ်။ ရာသီဥတုအခြေအနေနဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေတွေကြောင့် တာဝန်ရှိသူများ၊ အလှူရှင်များဟာ နားဟီးကျေးရွာအရောက်မသွားနိုင်ခဲ့ကြပါဘူး။ ဒီကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများသို့ ၃၀-၅-၂၀၁၇ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် စာဖြင့်ရေးသားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂-၇-၂၀၁၇ ရက်နေ့မှာတော့ မြို့နယ်မှတာဝန်ရှိသူများကိုယ်တိုင် တစ်ညအိပ်ခရီးဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့်ထောက်ပံ့တဲ့ အလှူပစ္စည်းများသွားရောက်ထောက်ပံ့ခဲ့ကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအနေနဲ့ ၎င်းတို့ကိုယ်တိုင်ရေရှည်ရပ်တည်ရန် မလွယ်ကူသကဲ့သို့ ၎င်းတို့အမှီပြုနေထိုင်တဲ့ရွာအပေါ်မှာလည်း ဝန်ထုပ်၊ ပိုးထုပ်ဖြစ်နေပါတယ်။ လူမှုရေး၊ ကျန်းမာရေးကိစ္စများဟာ ရေရှည်ရပ်တည်နေထိုင်ရန်အခက်အခဲများစွာဖြစ်နေပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ ဝိုင်းဝန်းကူညီဖြေရှင်းပေးပါရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁) ကဒူးကြီးဒေသမှနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့၏ဘဝ လုံခြုံရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ပါဝင်ကူညီဖြေရှင်းပေးခဲ့ပါသနည်း၊ မေးခွန်း(၂) မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်နည်း။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာထွက်ပေးတိမ်းရှောင်လာကြသူများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝလုံခြုံရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ပါဝင်ကူညီဖြေရှင်းခဲ့ပါသနည်းနှင့် မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနဟာ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တိုက်ပွဲရှောင်ပြည်သူများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် လိုအပ်တဲ့ထောက်ပံ့မှုများကို သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းထောက်ပံ့လျက်ရှိပါတယ်။ ၁၂-၅-၂၀၁၇ ရက်နေ့မှာ ထွက်ပြေးတိမ်းရှောင်လာကြတဲ့ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု၊ မိုက်ရှားစေးကျေးရွာမှ အိမ်ထောင်စု ၂၅ စုနှင့် ပုံးစုတ်ကျေးရွာမှ အိမ်ထောင်စု ၂၀ စု စုစုပေါင်း အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၀၉ ဦးတို့ဟာ မောက်မယ်မြို့နယ်၊ ဘန်းမတ်ကျေးရွာအုပ်စု၊ နားဟီးကျေးရွာကိုထွက်ပြေးတိမ်းရှောင်ခိုလှုံလျက်ရှိပါတယ်။ သူတို့ရဲ့စားဝတ်နေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ ထွက်ပြေးတိမ်းရှောင်လာတဲ့ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၉၃ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ၁၇-၅-၂၀၁၇ ရက်နေ့မှာ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆီ၊ ဆန်၊ ရိက္ခာ စုစုပေါင်းတန်ဖိုး ၁၄၈၈၂၇၀ ကျပ်လည်းကောင်း၊ ၃၀-၅-၂၀၁၇ ရက်နေ့မှာ ဆီ၊ ငါးသေတ္တာ၊ ဆန်ရိက္ခာ စုစုပေါင်းထောက်ပံ့ငွေ ၁၁၄၈၂၅၀ ကျပ်ကိုလည်းကောင်း၊ ၂-၆-၂၀၁၇ ရက်နေ့မှာ ယာယီမိုးကာတဲ ပြုလုပ်ရန်အတွက် တာပေါ်လင်မိုးကာလိပ် ၆ ပေ x ၃၀၀ ပေ အရွယ်အစားရှိ ၁၂ လိပ်နှင့် ရေသန့်ဆေး ဖာပေါင်း ၅၀ ၊ ယခုလတ်တလော ၂၇-၆-၂၀၁၇ ရက်နေ့မှာ ဆီ၊ ငါးသေတ္တာ၊ ဆန်ရိက္ခာ ၁၄ ရက်စာ စုစုပေါင်းထောက်ပံ့ငွေ ၁၁၄၈၂၅၀ ကျပ်တို့ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ အခြားအလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း ငွေကျပ် ၁၉၃ သိန်းကျော်ကို ထပ်မံထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း ထောက်ပံ့ပစ္စည်းများ ဆက်လက်ပေးအပ်ရေးအတွက်ကို ဆောင်ရွက်ထားရှိနေတယ်လို့ သိရပါတယ်။

လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု၊ မိုက်ရှားစေးကျေးရွာမှ အိမ်ထောင်စု ၂၅ စုနှင့် ပုံးစုတ်ကျေးရွာမှ အိမ်ထောင်စု ၂၀ စု စုစုပေါင်း ၄၅ စုအတွက် မိမိဒေသသို့ မရွှေ့ပြောင်းနိုင်တဲ့ကာလအတွင်း နားဟီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအစီအစဉ်နဲ့ သစ်ဝါးများ စုဆောင်း၍ အိမ်ထောင်စု ၄၅ စုအတွက် တဲ ၄၅ လုံးဆောက်လုပ်ပြီး ယာယီနေထိုင်စေခဲ့တာ ဖြစ်ပါတယ်။ မိမိဒေသသို့ ပြန်လည်နေထိုင်ရေးအတွက် နယ်မြေဒေသ၏အေးချမ်းမှုအခြေအနေနှင့် လုံခြုံမှုအခြေအနေကိုစောင့်ကြည့်ပြီး နေရပ်ဒေကကိုပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက်လည်း ကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကဒူးကြီးကျေးရွာအုပ်စု မိုက်ရှားစေးရွာနှင့် ပုံးစုတ်ကျေးရွာများမှ နေရပ်စွန့်ခွာလာသူတွေကို လင်းခေးမြို့နယ်၊ မကျိုင်းမွန်းကျေးရွာ၊ ဝမ်ဟတ်တိုက်နယ် လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ် ပြုထားတဲ့(ဒုတိယအဆင့်) ထောက်ပံ့ကြေးရ မကျိုင်းမွန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကလည်း မြေနေရာကျယ်ဝန်းပြီးတော့ အဆောက်အဦလုံလောက်မှု ရှိပါတယ်။ လုံခြုံစိတ်ချရတဲ့နေရာလည်း ဖြစ်တဲ့အတွက်ကြောင့် မူကြိုအရွယ်ကလေးငယ်များအတွက် ကလေးပျော်နေရာများပြုလုပ်ပေးရန် စီစဉ်လျက်ရှိပါတယ်။ အတန်းပညာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူများအတွက် ပညာ ဆက်လက်သင်ယူနိုင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ အတန်းပညာမသင်နိုင်တဲ့ ကလေးများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်အောင်လည်း စီစဉ်ဆောင်ရွက် ပေးနေပြီဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနဟာ တိုက်ပွဲရှောင်ပြည်သူများ၊ ပဋိပက္ခဘေးရှောင်ပြည်သူများ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ပေးဖို့နှင့် စိတ်ဒဏ်ရာရှိသူတွေကို စိတ်ဒုက္ခလျော့နည်းပြီး အများပြည်သူများနည်းတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ဖို့ရည်ရွယ်ပြီးတော့ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများဟာ စိတ်လူမှုဆိုင်ရာပံ့ပိုးမှုအဖွဲ့ (Mobile Team)များဖွဲ့ပြီး Psychosocial Counseling ပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်စွန့်ခွာလာကြသူများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ရဲ့ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာမှ တာဝန်ယူ၊ တာဝန်ခံ

ဖြေရှင်းဆောင်ရွက်မှုနှင့်စပ်လျဥ်းပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေနဲ့ အခုလက်ရှိမှာ ဆီဆိုင်မြို့မှာရှိတဲ့ တိုက်ပွဲရှောင်ပြည်သူ ၁၉၃ ဦးကို သွားရောက်တွေ့ဆုံပြီး သူတို့ရဲ့လိုအပ်ချက်များကိုမေးမြန်းပြီး စစ်တမ်းကောက်ယူခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အမျိုးသမီးများနှင့်ပတ်သက်သည့် Dignity Kit များ ထောက်ပံ့ပေးခြင်း၊ ၎င်းတို့သင်ကြားလိုတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရန်စီစဉ်ပေးခြင်း၊ ကလေးပျော်နေရာများစီစဉ်ပေးခြင်း၊ ကျောင်းသူကျောင်းသားများ ဆက်လက်ပညာသင်ကြားနိုင်ရန် ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လူမှုကာကွယ်စောင့်ရှောက်မှုပေးခြင်း၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုများအတွက် Wheel Chair ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ ကဒူးကြီးဒေသနေရပ်စွန့်ခွာပြည်သူတွေကို စာနာထောက်ထားသောအားဖြင့် ဝိုင်းဝန်းထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ အလှူရှင်များ၊ NGO ၊ INGO အဖွဲ့အစည်းများ ရှမ်းပြည်နယ်ပြည်ခိုင်ဖြိုးပါတီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကို အထူးကျေးဇူးတင်ကြောင်း လူထုကိုယ်စား ပြောကြားလိုပါတယ်။ ဒီဖြစ်စဉ်ဟာ အခုဆိုရင် နှစ်လနီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုပုံစံနဲ့ ရေရှည်ရပ်တည်သွားနိုင်ဖို့ လူမှုရေး၊ ကျန်းမာရေးအခက်အခဲများစွာရှိနေပါတယ်။ အလှူရှင်တွေကို ကျွန်တော်တို့စောင့်မျှော်နေရုံနဲ့ ဒီကိစ္စက ပြေလည်မှာမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော်တို့ဒေသမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ၊ သေနတ်သံ၊ ဗုံးသံတွေမကြားရဘဲနဲ့ ရွာသားတွေထွက်ပြေးတိမ်းရှောင်နေရတာ သဘာဝမကျလှပါဘူးခင်ဗျား။

ကျွန်တော့်ကို Power Point အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက ဖြစ်ခဲ့တဲ့နေ့ ၁၄-၅-၂၀၁၇ ရက်နေ့ကနေ စုပေါင်းပြီးမှရောက်ရှိလာတဲ့ နားဟီးကျေးရွာ စာသင်ကျောင်းဆောင်အဟောင်းမှာဖြစ်ပါတယ်။ ဒါက ဒီစာသင်ကျောင်းဆောင်မှာပဲ ကလေးတွေကို ယာယီစာသင်နိုင်ဖို့ စာသင်ခုံမလုံမလောက်နဲ့ ကျွန်တော်တို့စီစဉ်ထားတာ ဖြစ်ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းကနေ လာရောက်လှူဒါန်းတဲ့ ရာသီဥတုကောင်းမွန်တဲ့အချိန်မှာ ကားတွေ၊ Four Wheel ကားတွေရောကနိုင်ပါတယ်။ ဒါ လှူဒါန်းထားတဲ့ပစ္စည်းတွေက တော်တော်များပါတယ်။ အိမ်ထောင်စု ၄၅ စုအတွက် တစ်မိုးလုံးစားသောက်လည်းမကုန်နိုင်ပါဘူးခင်ဗျား။ ဒါ ယာယီနေထိုင်ဖို့ တဲလေးတွေ။ တပ်မတော်စစ်ကြောင်းနဲ့

KIA အဖွဲ့တွေ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါ ယာယီမိုးကာတဲနဲ့ ဒီတဲကြီး လေးလုံးမှာ အိမ်ထောင်စု ၄၅ စုလုံးဟာ စုပေါင်းမျှဝေပြီးနေထိုင်ရတာဖြစ်ပါတယ်။ ရာသီဥတုဒဏ်တွေ၊ အပူဒဏ်တွေ ဘယ်လိုခံစားမယ်ဆိုတာ ကိုယ်ချင်းစာကြည့်စေချင်ပါတယ်။ ဒါက နောက်ပိုင်းမှာ လာလှူတဲ့ အလှူငွေတွေနဲ့ သွပ်မိုးနိုင်တဲ့အဆင့်ထိရောက်ပြီ ဖြစ်ပါတယ်။ သို့သော် လက်ရှိနေတဲ့ အနေအထားမှာတော့ တစ်အိမ်တစ်လုံးဆိုတာတော့ မဖြစ်သေးပါဘူး။ ဒီအမိုးအကာတဲထဲမှာပဲ ခုနတုန်း ကပါလာတဲ့ ကိုယ်ဝန်ဆောင်မိခင်လေးဦးမှာ နှစ်ဦးကတော့ ဒီမှာပဲ ကလေးမွေးပြီးသွားပြီဖြစ်ပါတယ်။ ဒါ ပြီးခဲ့တဲ့ ၂-၇-၂၀၁၇ ရက်နေ့က ကျွန်တော်တို့မြို့နယ်အဖွဲ့နဲ့ ICRC ကလာရောက်ထောက်ပံ့ လှူဒါန်းတဲ့ပုံ ဖြစ်ပါတယ်။ ဒါ မိသားစုတစ်အိမ်ထောင်ချင်း Kip တွေဘာတွေ တော်တော် အဆင်ပြေအောင် လှူဒါန်းထားတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကကတော့ ကျွန်တော်တို့ပေါင်းစပ်ညှိနှိုင်းမှု လိုအပ်လို့ဖြစ်ပါတယ်။ ဒီရွာသူရွာသားတွေဟာ မိမိတို့ဇာတိရပ်ရွာမှာလာရောက်အခြေချနိုင်ဖို့ ညှိနှိုင်းဖို့လိုအပ်နေပါတယ်။ အဲဒီမှာ NCA လက်မှတ်ရေးထားတဲ့အဖွဲ့များအနေနဲ့လည်း ဇူလိုင်လ ၁ ရက်နေ့မှာ သဘောတူနားလည်မှုစာချုပ်ကို ရေးထိုးထားကြောင်းလည်း ဖြစ်ပါတယ်။ ဒီရွာသူ ရွာသားတွေ နေရပ်ပြန်လည်နေထိုင်ဖို့အတွက် သူတို့လည်းသဘောတူတယ်ဆိုတဲ့အကြောင်းလည်း သိရပါတယ်။ ကျွန်တော်တို့လင်းခေးခရိုင်မှာလည်း ပြီးခဲ့တဲ့ ၂၈-၆-၂၀၁၇ ရက်နေ့မှာ ဒေသတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစောင့်ကြည့်အဖွဲ့(GMC) ဖွဲ့စည်းပြီးပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဖွဲ့တွေက နေရပ်ကို ပြန်မပို့နိုင်သေးပါဘူး။ ဒီတော့ နေရပ်စွန့်ခွာတိမ်းရှောင်နေတဲ့ပြည်သူတွေကို ကျွန်တော်တို့ မူလရပ်ရွာမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ မောက်မယ်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားကြီးမေးထားတဲ့ ကဒူးကြီးဒေသက နေရပ်စွန့်ခွာ ထွက်ပြေးရှောင်တိမ်းလာသူများရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တော့အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ပူးပေါင်းပြီးတော့ ဒီကိစ္စကို ဆောင်ရွက်နေပါတယ်။ အခုလည်း လုပ်ထားတဲ့အစီအစဉ်တွေလည်း ရှိပါတယ်။ ဒါကတော့ ၇ ရက်နဲ့

၈ ရက်နေ့ မနက်ဖြန်၊ သဘက်ပေါ့။ နှစ်ရက်မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ဒီစခန်းတွေမှာ လေ့လာဆန်းစစ်ဖို့ဆိုပြီး စီမံချက်နဲ့ဆောင်ရွက်ဖို့ လုပ်ထားတာရှိပါတယ်။ အဲဒီမှာ အဖွဲ့နှစ်ဖွဲ့ ဖွဲ့ထားပါတယ်။ အဖွဲ့(၁)မှာ တိုင်းရင်းရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပါသလို၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းညွှန်ကြားရေးမှူးလည်း ပါပါတယ်။ ကယ်ဆယ်ရေးနှင့် နေရာချထားရေးညွှန်ကြားရေးမှူး ပါပါတယ်။ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးက လက်ထောက်ညွှန်ကြားရေးမှူးလည်း ပါပါတယ်။ ကျွန်တဲ့လူမှုအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့ Team တစ်ခုဖွဲ့ထားတာ ရှိပါတယ်။ နောက်တစ်ခုကတော့ လက်ရှိ Camp တွေမှာ Psychosocial Support လုပ်မယ့် Team နဲ့ကလေးပျော်နေရာများ ဆောင်ရွက်ဖို့ဆိုတဲ့ Team တစ်ခုကိုလည်း ဖွဲ့စည်းပြီးတော့ ၇ ရက်နဲ့ ၈ ရက်မှာ အဲဒီဒေသကိုသွားရောက်ပြီးတော့ Assessment ပြုလုပ်မှာ ဖြစ်ပါတယ်။ ဖြစ်ပြီးလို့ရှိရင် လက်ရှိအခြေအနေမှာ ကျွန်တော်တို့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးတဲ့အပြင် ကျွန်တော်တို့ရဲ့ လုပ်နေကြပုံစံအတိုင်း Development ဆိုတဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့လုပ်ငန်းတွေပါ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒေသငြိမ်းချမ်းမှုမရှိခင်မှာ ပြန်လည်နေရာချထားရေးကို ချက်ချင်းမဆောင်ရွက်နိုင်ခင်မှာ ဒီ Camp မှာခိုလှုံရောက်ရှိနေတဲ့ ပြည်သူတွေအချိန်မကုန်ရအောင် အသက်မွေးဝမ်းကျောင်းပညာရပ်တွေ တတ်ကျွမ်းသွားအောင်ဆိုပြီးတော့ သက်ဆိုင်ရာအမျိုးသား၊ အမျိုးသမီးများနှင့်ပတ်သက်တဲ့ အသက် မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးဖို့အတွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့စီစဉ် ဆောင်ရွက်တဲ့ အစီအစဉ်များနှင့်ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါအတွက်ကိုလည်း ကျွန်တော်တို့အစီအစဉ်ချဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဖွဲ့များဖွဲ့ပြီးတော့ ၇ ရက်နဲ့ ၈ ရက်မှာ ရောက်ရှိသွားမှာဖြစ်ပါတယ်လို့ ပြန်လည်ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းကြောင်းပေါ်ရှိ ကြားစခန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းဖြစ်သော မဝ္ဂေစ- ငါ့လုံဒမ်- နုဝမ်ကောင်- ရီဒန်း- ထလားလော် စသည့် ကြားစခန်းအစောင့်များအဖြစ် တာဝန်ထမ်းဆောင်နေသူများရဲ့အခွင့်အရေး နစ်နာဆုံးရှုံးမှုများ ရှိတဲ့အတွက် အမြဲတမ်းဝန်ထမ်း ခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့ နယ်သည် မြန်မာနိုင်ငံ၏မြောက်ဘက်အကျဆုံးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် နောက်ကျကျန်နေသည့်မြို့နယ် ဖြစ်ပါတဘ်။ ပူတာအို၊ မဝ္ဂေစ၊ ငါ့လုံဒမ်နှင့် နုဝမ်ကောင်၊ ရီဒန်း၊ ထလားလော်နှင့် ခေါင်လန်ဖူးမြို့နယ်အထိ လမ်း အရှည်မိုင်ပေါင်း ၁၃၀ ကျော်ကွာဝေးပြီး ယခင်ခေတ်အဆက်ဆက်တွင် အဆိုပါလမ်းပေါ်၌ ကြားစခန်း များထားရှိပြီး အစောင့်များထားရှိကာ ခရီးသွားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ အဆင်ပြေစွာသွားလာပြီး ညအိပ်ညနား တည်းခိုနေကြရပါတယ်။ ယခုအခါ ပူတာအို မှ မဝ္ဂေစ ထိုမှတစ်ဆင့် နောင်မွန်မြို့အထိ ကားများသွားလာနိုင်ပြီဖြစ်သည့်အတွက် ကြားစခန်း အစောင့်များထားရှိခြင်းမပြုခဲ့ကြောင်း သိရှိရပါတယ်။ သို့သော် မဝ္ဂေစမှ ခေါင်လန်ဖူးလမ်းအတွင်း နိုင်ငံတော်အစိုးရမှသတ်မှတ်ထားတဲ့ ကြားစခန်းများတွင် အစောင့်များထားရှိသည့်မှာ ယနေ့အထိ ဖြစ်ပါတယ်။ သို့သော် ရပ်ဘော့- ငါ့လုံဒမ်- ခေါင်လန်ဖူးလမ်းအရှည်ဟာ ၆၅ မိုင် ၄ ဖာလုံရှိပြီး ၎င်းလမ်းပေါ်တွင် ကြားစခန်းလေးခုရှိပါတယ်။ အဲဒီ ကြားစခန်းလေးခုအနေနဲ့ကတော့ မိုင်တိုင်(၂၆/၀)မိုင်တွင် ငါ့လုံဒမ်ကြားစခန်း၊ မိုင်တိုင်အမှတ်(၃၄၈/၄)မိုင်တွင် နုဝမ်ကောင်ကြားစခန်း၊ မိုင်တိုင်အမှတ်(၄၄/၄)တွင် ရီဒန်းကြားစခန်း၊ မိုင်တိုင်အမှတ်(၅၄/၀)မိုင်တွင် ထလားလော်ကြားစခန်း စသဖြင့် ကြားစခန်းလေးခုရှိပါတယ်။ မိုင်တိုင်အမှတ်(၂၆/၀)မိုင် ငါးလုံဒမ်ကြားစခန်းတွင် တာဝန်ထမ်း ဆောင်နေသည့် အိုအားဖြီး ဆိုသူသည် ကြားစခန်းစောင့်အဖြစ် ၁၂ နှစ်၊ မိုင်တိုင်အမှတ်(၃၈/၄)မိုင်တွင် နုဝမ်ကောင်ကြားစခန်းအတွက် တာဝန်ထမ်းဆောင်နေသည့် ဦးဟဲဇာခင်မှာ ကြားစခန်းစောင့်အဖြစ် နှစ်ပေါင်း ၃၀၊ မိုင်တိုင်အမှတ်(၄၄/၄)ရီဒန်းတွင် ကြားစခန်းစောင့်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဦးဆန္ဒတ်ထဆင် ကြားစခန်းစောင့်အဖြစ် ၂၈ နှစ်၊ မိုင်တိုင်အမှတ်(၅၄/၀)မိုင် ထလားလော်တွင်

ဦးအားယော်က ကြားစခန်းစောင့်အဖြစ် ၁၈ နှစ် အသီးသီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော်လည်း ယနေ့အချိန်အထိ အမြဲတမ်းဝန်ထမ်းခန့်အပ်ပေးခြင်းမရှိဘဲ ယာယီနေ့စားအဖြစ်သာ ခန့်အပ်ထားသည်ကို တွေ့ရှိရပါတယ်။ ယာယီနေ့စားအဖြစ် ခန့်အပ်သည်ဆိုသော်လည်း တချို့လများတွင် လစာရရှိခြင်းမရှိကြောင်း သိရှိရပါတယ်။ ကြားစခန်းအစောင့်များသည် ဌာနအကျိုးပြုလုပ်ငန်းဆောင်ရွက်နေသည့်အတွက် သူတို့ရသင့်ရထိုက်တဲ့အခွင့်အရေးများ၊ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် ဌာနမှဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း လစ်လျူရှုထားခြင်းခံရပါတယ်။ သို့ဖြစ်ပါ၍ ကြားစခန်းစောင့်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော်လည်း ယနေ့အထိ ထိုက်သင့်သည့်ခံစားခွင့်မရှိသည့်အတွက် သင့်တော်သည့်ခံစားခွင့်ရရှိစေရန် အမြဲတမ်းဝန်ထမ်းခန့်အပ်ပေးခြင်းနှင့်ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုပါသဖြင့် နစ်နာသူကြားစခန်းစောင့်များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီမှ မေးမြန်းထားတဲ့ ခေါင်လန်ဖူးမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းကြောင်းပေါ်မှာရှိတဲ့ ကြားစခန်းများမှာ တာဝန်ထမ်းဆောင်နေတဲ့ ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ဘော့- ငါ့လုံဒမ်- ခေါင်လန်ဖူးလမ်းဟာ အရှည် ၆၅ မိုင် ၄ ဖာလုံရှိပြီးတော့ ၎င်းလမ်းပေါ်မှာ ကြားစခန်းများအနေနဲ့ မိုင်တိုင်အမှတ် ၂၆ မှာ ငါ့လုံဒမ်စခန်း၊ မိုင်တိုင်အမှတ် ၃၈ မိုင် ၄ ဖာလုံမှာ နဝမ်ကောင်စခန်း၊ မိုင်တိုင်အမှတ် ၄၄ မိုင် ၄ ဖာလုံမှာ ရီဒန်းစခန်းနှင့် မိုင်တိုင်အမှတ် ၅၄ မှာ ထလားလော်စခန်း စုစုပေါင်း လမ်းစခန်းလေးခုရှိပါတယ်။ ၎င်းစခန်းလေးခုလုံးက လမ်းဖောက်လုပ်

တဲ့ အင်ဂျင်နီယာတွေ၊ လမ်းလုပ်သားတွေ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ လိုအပ်တဲ့အချိန်မှာ အသုံးပြုနိုင်ဖို့အတွက်ထားရှိတဲ့ ယာယီစခန်းလေးခုသာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကချင်ပြည်နယ်သာမကဘဲနဲ့ ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာလည်း လမ်းတွေအားလုံးမှာ လမ်းစခန်းများရှိပါတယ်ခင်ဗျား။ အဲဒီလမ်းစခန်းများကတော့ လမ်းဖောက်လုပ်တဲ့အချိန်မှာ လမ်းလုပ်သားများရဲ့ပစ္စည်းများဖြစ်တဲ့ တောင်းတို့၊ ဝါးတို့၊ ပေါက်တူး၊ ပေါက်ချွန်းတွေ၊ ကတ္တရာပုံးတွေ စသဖြင့် ဒါလေးတွေကို ယာယီသိမ်းဆည်းထားသည့်စခန်းများ ဖြစ်ပြီးတော့ အဲဒီလမ်းလုပ်ငန်းများပြီးသွားလို့ရှိရင်တော့ အဲဒီစခန်းများဟာ ကျွန်တော်တို့ အစောင့်မထားရှိတော့ပါဘူး။ အလားတူပါပဲခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အလားတူ ဒီလို မြေပြိုတတ်တဲ့နေရာလေးတွေမှာလည်း ကျွန်တော်တို့ ဒီလိုမိုးတွင်းကာလမှာဆိုရင် မြေပြိုနိုင်တဲ့နေရာလေးတွေမှာ အစောင့်လေးတွေ ထားပါတယ်။ ထားတဲ့နေရာမှာလည်း ဒေသအနီးတစ်ဝိုက်မှာရှိတဲ့ ဒေသခံလေးတွေကို အစောင့်သဘောမျိုးထားပြီးတော့ ကျွန်တော်တို့ စောင့်ကြည့်ခိုင်းရပါတယ်။ မြေပြိုတာရှိရင် ချက်ချင်းသတင်းပို့ပါ။ ကျွန်တော်တို့ ဒီလိုမျိုးဆောင်ရွက်ခိုင်းပြီးတော့ ဒီကာလပြီးသွားလို့ရှိရင်တော့ ဒီစခန်းများမှာအစောင့်များမထားရှိတော့ပါဘူးခင်ဗျား။ အဲဒါတွေအားလုံးဟာ ယာယီစခန်းများသာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းလုပ်ငန်းခွင် ကြားစခန်းများသည် ယာယီစခန်းများသာဖြစ်ပြီးတော့ အမြဲတမ်းဝန်ထမ်းခန့်ထားရန် ဖွဲ့စည်းပုံပါဝင်ခြင်းမရှိပါသဖြင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီးတော့ ယာယီနေ့စားဝန်ထမ်းအဖြစ်သာ ခန့်ထားဆောင်ရွက်လျက်ရှိပြီးတော့ အဆိုပါ ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလို ဒုတိယဝန်ကြီး ရှင်းလင်းဖြေကြားပေးတဲ့အတွက် များစွာ ကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ တချို့ ကြားစခန်းအစောင့်တွေက ပြောပါတယ်။ သူတို့မကြာခင် ပင်စင်တောင်ရတော့မယ်ဆိုပြီးတော့ ကျွန်တော်တို့ကို လာပြောပြတာရှိပါတယ်။ ဒီလို ခန့်ထားပေးတယ်ဆိုတာ နှစ်ပေါင်း ၂၀ ကျော် ၃၀ ပေါ့။ အဲဒီလို ယာယီနေ့စားနဲ့ပဲခန့်ထားတဲ့ဌာနကတော့ ကျွန်တော်တို့ တခြားဌာနတွေတော့ မတွေ့ပါဘူး။ ဥပမာ- ပညာရေးဌာနဆိုရင် တစ်နှစ်ကျော်လောက်ဆိုရင်တော့ အမြဲတမ်းဝန်ထမ်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာ တချို့လတွေဆိုရင် သူတို့ လစာတွေတောင်မှ မရရှိတဲ့အကြောင်း

**မူကြမ်း**

ကျွန်တော်တို့ကို လာပြောပြတာတွေရှိပါတယ်။ နောက် ဒီလို အမြဲတမ်းကျွန်တော်တို့ကို ဝန်ထမ်းမရဘူး။ ဖွဲ့စည်းပုံထဲမှာမပါဘူး။ သူတို့က နေ့စားနဲ့ပဲခန့်လို့ရတယ်ဆိုတဲ့ဟာ အဲဒီဟာတွေရော စခန့်ကတည်းက ကာယကံရှင်တွေရော အသိပေးထားတာရှိ/မရှိ၊ ကာယကံရှင်တွေရော ကျေနပ်ခြင်းရှိ/မရှိ အဲဒါတွေလည်း ကျွန်တော်တို့ ဒီ သူတို့ရဲ့အခွင့်အရေးမဆုံးရှုံးစေရန် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုပါကြောင်း မေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆက်စပ်မေးခွန်းကို ရှင်းလင်းဖြေကြားပါမယ်ခင်ဗျား။ ကျွန်တော်တို့ လမ်းစခန်းတွေက ဥပမာအားဖြင့်ပြောလို့ရှိရင် ကျွန်တော်တို့ ဒီ ကချင်ပြည်နယ်သာမကဘဲနဲ့ ချင်းပြည်နယ်မှာ အခုဆိုလို့ရှိရင် မြေပြိုနိုင်တဲ့နေရာလေးတွေကို ပိုပြီးတော့ ကျွန်တော်တို့ ဂရုထားရပါတယ်။ အဲဒီလုပ်ချင်တဲ့ရွာသားတချို့ကို အဲဒီအချိန်မှာ ဒီမိုးတွင်းကာလ ဇွန်လကနေပြီး စက်တင်ဘာလအထိ ဒီ သုံးလလောက်ကို ဒီနေရာလေးမှာနေပေးပါ။ သူဘာမှလုပ်စရာမလိုပါဘူးခင်ဗျား။ ဒီတောင်ကြီးကို စောင့်ကြည့်နေရုံပါပဲ။ မြေပြိုတယ်ဆိုရင် ချက်ချင်းသတင်းပို့ပါ စသဖြင့် အဲဒါမျိုး ကျွန်တော်တို့ လစာပေးထားရတာပါ။ လစာဆိုတာ နေ့စားလစာပါ။ ဒီမိုးတွင်းကာလကုန်သွားရင်တော့ သူ့တာဝန်မရှိတော့ပါဘူးခင်ဗျား။ အဲဒီလို အလားတူ ဒီကိစ္စမျိုးလေးတွေဟာ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဒီလို တစ်စစဖြစ်နိုင်တဲ့နေရာလေးတွေမှာလည်း စောင့်ကြည့်၊ ဥပမာ- ရေကျော်နိုင်တဲ့နေရာလေးတွေကိုလည်း စောင့်ကြည့်ဖို့၊ အဲဒီဒေသခံလေးတွေကိုပဲ ကျွန်တော်တို့က တာဝန်ပေးရပါတယ်။ သူကစောင့်ကြည့်နေရုံပါပဲခင်ဗျ။ အဲဒါကြောင့်မို့လို့ ဦးအာမိုးဆီမေးခွန်းကို ပြန်လည်ဖြေကြားရရင်တော့ ဒီလို ယာယီစခန်းလေးတွေဟာ တစ်နိုင်ငံလုံးအနှံ့ရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာ ယာယီပဲအသုံးပြုတာဖြစ်တဲ့အတွက် လောလောဆယ်တော့ ကျွန်တော်တို့ အမြဲတမ်းခန့်ထားပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**စစ်ကိုင်းမြို့တွင်းဖြတ်သန်းသွားသော မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို အဝေးပြေးလမ်းမကြီး မြို့တွင်း (၆)မိုင်အား မြို့ရှောင်လမ်းတစ်ရပ် ဖောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းမြို့ရှောင်လမ်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကတော့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့မြို့တော်ဖြစ်တဲ့ စစ်ကိုင်းမြို့တော်အတွင်း ဖြတ်သန်းသွားလာတဲ့ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ အဝေးပြေးလမ်းမကြီးဟာဆိုလို့ရှိရင် စစ်ကိုင်းမြို့တွင်း အသင်္ခါရာအဝိုင်း မိုင်တိုင်(၁၄/၁)ကနေ စစ်ကိုင်းမြို့အထွက် မိုင်တိုင်(၂၀/၁)အထိ မြို့တွင်းလမ်းအရှည် ၆ မိုင်ဟာ နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်ပေါင်း ထောင်သောင်းချီပြီး အရှိန်ပြင်းစွာဖြတ်သန်းမောင်းနှင်လျက်ရှိသည့်အတွက် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ဖြတ်သန်းရာလမ်းတစ်လျှောက်မှာ ရွှေသမားဘုန်းတော်ကြီးစာသင်ကျောင်း၊ ရှာထောင် အ.မ.က(၁၅)၊ ရှာထောင် အ.ထ.က(၃)၊ နည်းပညာတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်တို့က ဖြတ်သန်းသွားလာတဲ့ အတွက် ကျောင်းသူကျောင်းသားများ၊ ရပ်ကွက်နေပြည်သူများနဲ့ ကလေးသူငယ်များ လမ်းဖြတ်ကူးရန် ပင် အခက်အခဲဖြစ်ပေါ်နေတဲ့ အနေအထားရှိပါတယ်။ ထိုကဲ့သို့သော အခက်အခဲများကြောင့် မြို့ရှောင်လမ်းတစ်ခု ဖောက်လုပ်ရန်လိုအပ်နေပါ၍ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့က နေပြည်တော်လမ်းပုံ ထုတ်ဌာနမှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးစိန်လွင်နှင့်အဖွဲ့က စစ်ကိုင်းမြို့၊ မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ရန်လျာထားတဲ့ ဦးစားပေးအဆိုပြု(၁)လမ်းအဖြစ် အသင်္ခါရာအဝိုင်းမှ ညောင်ပင်ဇင်ရွာအထိ ၆ မိုင် ၂ ဖာလုံ၊ ဒုတိယဦးစားပေးအဆိုပြု(၂)လမ်းအဖြစ် အသင်္ခါရာအဝိုင်းမှ ညောင်ပင်ဇင်ရွာအထိ ၆ မိုင် ၄ ဖာလုံလမ်းများကို ခန့်မှန်းတွက်ချက်မှု ကုန်ကျမည့်ငွေပမာဏနှင့်တကွ ကွင်းဆင်းကြည့်ရှုခဲ့ကြပါတယ်။ အဲဒီလမ်းမြေပုံများနှင့်တကွ ပူးတွဲ ခြောက်စောင်ကို လွှတ်တော်သို့ တစ်ပါတည်းတင်ပြပြီးဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် Power Point မတင်ပြခြင်းဖြစ်ပါတယ်။ ဦးစားပေးအမှတ်(၁)လမ်းဟာ ကောင်းမှုတော်အင်းကြီးက မြို့တွင်းကို ရောက်သွားမှာဖြစ်ပြီး မြို့ကိုလည်း တိုးချဲ့ပြီးသားဖြစ်သွားမှာဖြစ်ပါတယ်။ စစ်ကိုင်း-ရွှေဘို-မုံရွာ အမြန်လမ်းမကြီးကို ဖြတ်သန်းသွားလာတဲ့ ယာဉ်များအားလုံးကို အခွန်ကောက်ယူပြီး လမ်းကိုလည်း တာဝန်ယူထားတဲ့ ရွှေတောင်ကုမ္ပဏီလည်း ရှိနေပြီးသားဖြစ်တာမို့ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၏ တိုင်းမြို့တော်ဖြစ်သော စစ်ကိုင်းမြို့တွင်းဖြတ်သန်းသွားလာသော

မန္တလေး-စစ်ကိုင်း-ရွှေဘို-မုံရွာ အဝေးပြေးလမ်းမကြီး မြို့တွင်း ၆ မိုင်သည် စာသင်ကျောင်းများနှင့် ရပ်ကွက်များအတွင်း ဖြတ်သန်းပြီး ယာဉ်အသွားအလာများပြားထူထပ်လာသည့်အတွက် လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားခြင်းကြောင့် အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရ ခြင်းများဖြစ်ပေါ်နေပါ၍ တိုင်းဒေသကြီးမြို့တော်ဖြစ်သည်နှင့်အညီ အမှန်တကယ်လိုအပ်နေသော မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် နိုင်ငံတော်အစိုးရမှ အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါကလည်း မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်းမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၏ စစ်ကိုင်းမြို့တွင်း ဖြတ်သန်းသွားသော မန္တလေး-စစ်ကိုင်း-မုံရွာ-ရွှေဘိုအဝေးပြေးလမ်းမကြီးရဲ့ မြို့တွင်း(၆)မိုင်သည် စာသင်ကျောင်းများနှင့် ရပ်ကွက်များအတွင်း ဖြတ်သန်းပြီး ယာဉ်အသွားအလာများပြားထူထပ်လာ သည့်အတွက် ပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် အမှန်တကယ်လိုအပ်နေသော မြို့ရှောင်လမ်းတစ်ရပ် ဖောက်လုပ်ပေးနိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ မြေပုံမှာ ဖော်ပြထားတဲ့ အမဲရောင်လမ်းဟာ လက်ရှိ လေးလမ်းသွားကတ္တရာလမ်း ဖြစ်ပါတယ်။ အစိမ်းရောင်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုပြုထားတဲ့ လမ်းအူကြောင်း အသစ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မန္တလေး-စစ်ကိုင်း-မုံရွာလမ်းနှင့် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီးတော့ ရွှေတောင် ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့လမ်းများဖြစ်ရာ စစ်ကိုင်းမြို့တွင်းအပိုင်းတွင် ကတ္တရာ

ကွန်ကရစ်လေးလမ်းသွားအဖြစ်ဆောင်ရွက်ပြီးဖြစ်ပြီးတော့ တံတားများကိုလည်း လေးလမ်းသွားအဖြစ် တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။

စစ်ကိုင်းမြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရေးအတွက် စစ်ကိုင်း-ဇီးချောင်း-ညောင်ပင်ဇင်လမ်း လမ်းအူကြောင်းကို ၂၀၁၄ ခုနှစ် မတ်လ၌ ပဏာမတိုင်းတာစစ်ဆေးခဲ့တဲ့နေရာမှာ လမ်းကြောင်း တစ်လျှောက်မှာ ရုံးအဆောက်အဦတွေ၊ ဂိုဒေါင်များနဲ့ စိုက်ပျိုးမြေများ၊ အုတ်ဖို၊ ရေကန်များနှင့် နေအိမ်အဆောက်အဦများ မလွတ်ကင်းတာကို တွေ့ရှိရပါတယ်။ ကောင်းမှုတော်အင်း အောက်ဘက် ကဖြတ်ပြီး ဖောက်လုပ်ရမှာဖြစ်ပြီးတော့ တချို့နေရာတွေမှာတော့ ငါးပေအမြင့်လောက်၊ တချို့နေရာ တွေမှာတော့ ပေ ၂၀၊ ပေ ၃၀ အမြင့်အထိ လမ်းတာဘောင်ဖို့ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်နေပါ တယ်ခင်ဗျား။ ထိုသို့ ကောင်းမှုတော်အင်း အောက်ဘက်မှ လမ်းတာရိုးကဲ့သို့ မြေဖို့ဆောင်ရွက် ရသောကြောင့် မိုးရာသီအချိန်မှာ မိုးသည်းထန်စွာရွာသွန်းပါက ကောင်းမှုတော်အင်းမှ ရေကြီးရေလျှံမှု များ ဖြစ်ပေါ်လာနိုင်ပြီးတော့ အဆိုပါ အင်းတဝိုက်တွင်ရှိတဲ့ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် အသေးစိတ်တိုင်းတာတွက်ချက်မှုများ အဆင့်ဆင့်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် စစ်ကိုင်းမြို့ရှောင်လမ်းအဖြစ် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုထားသော (အစိမ်းရောင်လမ်းကြောင်း)အစား စစ်ကိုင်း-ဇီးချောင်း-ညောင်ပင်ဇင် မြို့ရှောင်လမ်းအစား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှာဖွေထားတဲ့ လမ်းအူကြောင်းအသစ်တစ်ခု (အဝါရောင်လမ်းကြောင်း) ကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရှောင်လမ်းဖောက်လုပ်ရန် တင်ပြခဲ့တဲ့ စစ်ကိုင်း-ဇီးချောင်း-ညောင်ပင်ဇင် လမ်း ၅.၆၆ မိုင် ရှည်လျားပါတယ်။ စစ်ကိုင်း-ဇီးချောင်း-ညောင်ပင်ဇင်လမ်းအပြင် အဝါရောင်ဒုတိယ လမ်းကြောင်းတစ်ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြထားခဲ့ပါတယ်။ ယခုတင်ပြထားတဲ့ စစ်ကိုင်း မြို့ရှောင်ကွင်းလမ်းဟာ ၄.၈ မိုင်ရှိပြီးတော့ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းအား သတ်မှတ်လမ်းအဆင့်အတန်းရောက်ရှိအောင် အဆင့်မြှင့်၍ ဆောင်ရွက်ပါက ယခင်လျာထားအဆိုပြုထားသည့် စစ်ကိုင်း-ဇီးချောင်း-ညောင်ပင်ဇင်လမ်းကဲ့သို့ စိုက်ပျိုးမြေဆုံးရှုံးခြင်း နှင့် ရေဝပ်ဧရိယာအတွင်းမှာ ဖြတ်သန်းဖောက်လုပ်ရခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုများပြားနိုင်ခြင်း စတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ပြီးတော့ အချိန်တိုအတွင်း မြို့ရှောင်လမ်းအဖြစ် အသုံးပြု နိုင်မည့်လမ်းကြောင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လမ်းဦးစီးဌာနမှ အဆိုပြုတင်ပြ

ထားပါတယ်။ မြို့ရှောင်လမ်းဖောက်လုပ်ရန်အတွက် လမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် သဘောထားများ ဆွေးနွေးညှိနှိုင်းပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဝန်ကြီးအခုလို ဖြေကြားပေးတာကို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တောင်းတာကတော့ မြို့ရှောင်လမ်းဖြစ်ပြီးတော့ ဝန်ကြီးဖြေကြားတာက မြို့တွင်းအသွားအပြန် ဝဲလမ်း၊ ယာလမ်း နှစ်လမ်းမောင်းသာ ဖြစ်တဲ့အတွက် အမြန်လမ်းမကြီးက မြို့ထဲမှာပဲ ရှိနေမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြတဲ့ ပြဿနာများကလည်း အားလုံးပြေလည်သွားမှာတော့မဟုတ်ပါဘူး။ သို့သော်လည်းပဲ အခုထက်စာရင်တော့ သက်သာသွားမယ့်အနေအထားရှိတဲ့အတွက် ဝန်ကြီးဆောင်ရွက်ပေးမယ့်ဆိုတဲ့လမ်းကိုလည်းပဲ မြို့လူထုကိုယ်စား ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ အခုဝန်ကြီးဆောင်ရွက်ပေးမယ်ဆိုတဲ့လမ်းဟာ ဘယ်အချိန်၊ ဘယ်ဘတ်ဂျက်နှစ်မှာ ချပေးမယ်ဆိုတာ မပါတဲ့အတွက် ဘယ်အချိန်မှာလုပ်ပေးမယ်ဆိုတာလည်း ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အစိုးရခွင့်ပြုဘဏ္ဍာငွေမလုံလောက်သော်လည်းပဲ တိုင်းပြည်တိုးတက်ဖို့အတွက် လုပ်လို့ရတဲ့နည်းလမ်းတွေ ရှိပါတယ်။ အဲဒါကလည်း ပိုက်ဆံရှိတဲ့သူတွေ ရှိပါတယ်။ ရွှေတောင်ကုမ္ပဏီကို တင်ပြနေတာက ကုမ္ပဏီအကျိုးစီးပွားကြောင့် ကျွန်တော်တင်ပြနေတာမဟုတ်ပါဘူး။ အဲဒီတော့ ရွှေတောင်ကုမ္ပဏီဟာ ဒီစစ်ကိုင်း-မုံရွာ-ရွှေဘို အဝေးပြေးလမ်းမကြီးပေါ်မှာ နိစ္စဓူဝ တစ်နေ့ဆိုလို့ရှိရင် ကားအစီးပေါင်း ထောင်သောင်းချီပြီး သွားနေတဲ့အနေအထားရှိပါတယ်။ အဲဒီမှာ ဖြတ်သန်းခတွေကလည်း သိန်းရာချီပြီးရတဲ့ အနေအထားရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ရွှေတောင် Toll Gate ကနေ အခွန်ကောက်ရရှိနေတဲ့ ရွှေတောင်ကုမ္ပဏီနဲ့ဆက်လက်ညှိနှိုင်းပြီးတော့မှ ကျွန်တော့်ရဲ့တင်ပြပါ မြို့ရှောင်လမ်းကို ဒီလမ်းက ရေနက်ကွင်းဆိုသော်လည်းပဲ ရှမ်းလေးကျွန်းလောက် မနက်တဲ့အနေအထားရှိပါတယ်။ ရှမ်းလေးကျွန်းဆိုလို့ရှိရင် ၁၂ ပေလောက် နက်တဲ့အထိ အနေအထားမျိုးတွေရှိပါတယ်။ သို့သော်လည်းပဲ အဲဒီမှာ ဆောင်ရွက်နေပါပြီ။ အဲဒီတော့ ကျွန်တော်တင်ပြတဲ့ မြို့ရှောင်လမ်းကို ရွှေတောင်ကုမ္ပဏီနဲ့ ဆက်လက်

ညှိနှိုင်းပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးခွန်း(၂)အနေနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်ပြောမယ်။ ပြည်ထောင်စုဘတ်ဂျက်နဲ့ ဘယ်တော့လုပ်ပေးမယ်ဆိုတဲ့ ဆက်စပ်မေးခွန်းပဲ ဖြေပါ။ ကုမ္ပဏီကိစ္စ ကျွန်တော်ပြောပါမယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆက်စပ်မေးခွန်းကို ဖြေကြားပါမယ်ခင်ဗျား။ အခု ကိုယ်စားလှယ်ကြီးက ကျွန်တော်ဖြေကြားတဲ့အဖြေသည် မြို့ရှောင်လမ်းမဟုတ်ဘဲနဲ့ မြို့တွင်းလမ်းကိုပဲ အသွားလမ်း၊ အပြန်လမ်း လုပ်ပေးမယ်ဆိုတဲ့အဖြေကို ရပါတယ်လို့ပြောကြားပါတယ်ခင်ဗျား။ ဒါနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ဌာနမှာ Future Plan တွေရှိပါတယ်။ အနာဂတ် Plan နဲ့ဆက်စပ်ပြီးတော့ ကျွန်တော်က အခုဒီ Plan ကို ရှင်းပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အခု ကိုယ်စားလှယ်ကြီးပြောတဲ့လမ်းက မြို့ရှောင်လမ်းစစ်စစ်ဖြစ်သွားတဲ့အခါမှာ ညောင်ပင်ဇင်ရွာအထိ ရောက်သွားပါမယ်။ ညောင်ပင်ဇင်ရွာရောက်သွားတဲ့အခါကျတော့ အခုကျွန်တော်တို့ရဲ့ အနာဂတ် Plan က ဘယ်လိုရှိလဲဆိုရင် ရန်ကုန်-မန္တလေးအမြန်လမ်းကြီး ရှိပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းကြီးရဲ့ သူရဲ့ End Destination က မြစ်ကြီးနားဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့က မန္တလေးမှာ မဆုံးပါဘူး။ မန္တလေးကနေ စစ်ကိုင်းကို ကူးပါ့မယ်။ စစ်ကိုင်းကနေမှတစ်ဆင့် မြစ်ကြီးနားကို Express Way တစ်လမ်းဖောက်ဖို့ Master Plan ရှိပါတယ်ခင်ဗျား။ အဲဒီ Master Plan အတွက် လမ်းကိုလည်းပဲ သိမ်းသွင်းပြီးဖြစ်ပါတယ်။ လက်ရှိ လမ်းအဟောင်း ရွှေဘို-အင်းတော်ဘက်ကသွားတဲ့ လမ်းမဟုတ်ဘဲနဲ့ ဧရာဝတီမြစ်နှင့်အပြိုင် ကျွန်တော်တို့က လမ်းတစ်လမ်းကို သိမ်းသွင်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလမ်းများ တစ်ချိန်မှာဖြစ်ပေါ်လာခဲ့ရင် ဆက်စပ်ပြီးတော့ စစ်ကိုင်းမြို့ အခုနက ကောင်းမှုတော်ဘုရားကြီးအနားကနေပြီးတော့ ဝင်လာမယ့် အဝင်လမ်း၊ အသွားလမ်းနှင့် လက်ရှိ ရန်ကုန်-မန္တလေးလမ်းထက် ဆက်စပ်မယ့်လမ်းကြောင်းကို ကျွန်တော်တို့ ရွေးချယ်ပြီးတင်ပြခြင်းဖြစ်တဲ့အတွက် အခုနက ကိုယ်စားလှယ်တော်ကြီးပြောသလိုမျိုး အခုနက မြို့ရှောင်လမ်းဆိုတာ သွားလုပ်လိုက်လို့ မြို့ရှောင်လမ်းဆိုပြီးလုပ်လိုက်ရင် ညောင်ပင်ဇင်ရွာရောက်သွားလို့ရှိရင် ကျွန်တော်တို့လိုချင်တဲ့ အနာဂတ် Plan နဲ့ ဆက်စပ်မိမှာမဟုတ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ မြို့ရှောင်လမ်းကို လုပ်ဖို့ပြောတဲ့အခါမှာ မြို့ရှောင်လမ်းလုပ်ဖို့ကို ဝန်ကြီးဌာနကနေပြီးတော့ လုပ်မယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စု

ဘတ်ဂျက်နဲ့ ဘယ်လိုလုပ်မယ်။ ပြီးလို့ရှိရင်လည်း လုပ်ငန်းကိုပေးမယ်ဆိုရင်လည်း အားလုံးပွင့်လင်းမြင်သာအောင်၊ တန်းတူညီတူအခွင့်အရေးရှိအောင် တင်ဒါခေါ်ရမှာပါ။ တင်ဒါမှာ ဝင်ယှဉ်ပြိုင်။ အရည်အသွေးအကောင်းဆုံးနဲ့ ဈေးနှုန်းအနည်းဆုံးကို ပေးရမှာ။ အဲဒါကို ဟိုကုမ္ပဏီကတော့ ဝင်ငွေတွေဘယ်လောက်ရှိနေလို့၊ ဘယ်လောက်ဟိုဒင်းဖြစ်လို့၊ သူ့ပေးဖို့။ ကုမ္ပဏီတစ်ခုချင်းကို ကျွန်တော်တို့ပေးဖို့။ ကိုယ်စားလှယ်အနေနဲ့ တင်ဒါစည်းမျဉ်းစည်းကမ်းအရ ပြန်ဖတ်ကြည့်ပါ။ ကျွန်တော့်အားလုံးညွှန်ကြားထားတယ်။ တင်ဒါစည်းမျဉ်းစည်းကမ်းအရ ပြောခွင့်မရှိပါဘူး။ အဲဒီတင်ဒါစည်းမျဉ်းစည်းကမ်းမှာ တစ်ချက်ပဲပါတယ်။ ကုမ္ပဏီဟာ ခိုင်မာမှု ဘယ်လောက်ရှိသလဲ။ လုပ်ငန်းအတွေ့အကြုံဘယ်လောက်ရှိသလဲ။ ဒါတွေနဲ့သက်ဆိုင်ရာက တင်ဒါကို ဆွဲတဲ့အခါမှာ ယှဉ်။ အမှတ်ပေးစနစ်နဲ့ ယှဉ်သွားလိမ့်မယ်။ အခုနက ငွေကြေးက ဘယ်လောက်ကောက်ခံထားတာရလို့၊ တစ်နှစ်၊ တစ်နှစ်ဘယ်လောက်ရနေလို့ ဒီကုမ္ပဏီပေးရမယ်ဆိုတာတော့ ဒါမျိုးကိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်အနေနဲ့ မစဉ်းစားစေချင်ပါဘူး။ ကျွန်တော်တို့အားလုံးကို၊ ဝန်ကြီးဌာနအားလုံးရော၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရော ညွှန်ကြားထားတဲ့ တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်းပဲ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်ကိုတော့ ဟိုကုမ္ပဏီပေးပါ၊ ဒီကုမ္ပဏီပေးပါ။ ကိုယ်လည်းဝင်မပါပါနဲ့။ ဒါကိုတော့ အခုတစ်ခါတည်း အားလုံးသိအောင်ပြောကြားချင်ပါတယ်။ မေးခွန်းများဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး

တိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဒက်ခ်ိုဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီရဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုအစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့်လည်းကောင်း၊ အစီရင်ခံစာမိတ္တူများကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် လည်းကောင်း အကျဉ်းချုံးပြီး တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာမှာ နိဒါန်း၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းခြင်း၊ သက်တမ်း၊ ဆောင်ရွက်ချက်များ၊ အကြံပြုချက်များ၊ နိဂုံးစသည်ဖြင့် တင်ပြ အစီရင်ခံထားပါတယ်။ ကော်မတီကို ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ အမိန့်ကြော် ငြာစာအမှတ် ၃၀/၂၀၁၆ ဖြင့် ၂၄-၂-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ တစ်နှစ်တာကာလအတွင်း ကော်မတီဝင်လေးဦး အပြောင်းအလဲရှိခဲ့ပြီးတော့၊ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာစေရန်အတွက် ကော်မတီဝင်နှစ်ဦးနှင့် လေ့လာသူနှစ်ဦး ထပ်မံဖြည့်စွက်ဖွဲ့စည်းခဲ့ပါတယ်။ အစီရင်ခံစာမှာ ကော်မတီရဲ့သက်တမ်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားပြီးတော့ ၂၄-၂-၂၀၁၆ မှ ၂၄-၂-၂၀၁၇ ရက်နေ့အထိ တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် ကော်မတီသည်ကော်မတီဝင်များနှင့် မိတ်ဆက်အစည်း အဝေးနှစ်ကြိမ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၇ ကြိမ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးတစ်ကြိမ်၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးတစ်ကြိမ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်လက်အောက်ရှိ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး တစ်ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပြီးတော့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ငါးဦးပါဝင်သော ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းသည့် စီမံကိန်းလုပ်ငန်းများနှင့် ရသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၂ အနေဖြင့် ပူးပေါင်းအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှစ်ကြိမ်၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးခြောက်ကြိမ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန် ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးသုံးကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါတယ်။ ပူးပေါင်းအဖွဲ့ ၁၂ သည် အမှတ်(၁) သံမဏိစက်ရုံမြင်းခြံနှင့် အမှတ်(၂) သံမဏိစက်ရုံပင်းပက်တို့ကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြု ချက်အရ စက်မှုဝန်ကြီးဌာနအစီအစဉ်ဖြင့် သွားရောက်လေ့လာခဲ့ပါတယ်။ ကော်မတီသည် လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီရုံးခန်းမှာ Japan- Myanmar Economy and Investment

Center (JMEIC)မှ ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YINQIAO GROUP မှ ကိုယ်စားလှယ်အဖွဲ့တို့အားတွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများရဲ့ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာ ကော်မတီရဲ့လေ့လာစိစစ်ဆဲဥပဒေကြမ်းများစာရင်း၊ ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်သွားရောက်မှု၊ Workshop၊ Seminar နှင့် သင်တန်းတက်ရောက်မှု၊ လွှတ်တော်တွင်မေးခွန်းနှင့်အဆို တင်ပြမှုစသည်တို့ကို ဖော်ပြထားပြီးတော့ သုံးသပ်အကြံပြုချက်အနေဖြင့် ကော်မတီနှင့်သက်ဆိုင်သော စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ ပြဋ္ဌာန်းပြင်ဆင်မည့် ဥပဒေ၊ နည်းဥပဒေများ ဆောင်ရွက်ရန်ရှိပါက ကော်မတီအနေဖြင့် ကြိုတင်လေ့လာပြင်ဆင်နိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညှိနှိုင်းမှုများ ဆောင်ရွက်သင့်ပါကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကော်မရှင်၏ဆောင်ရွက်ချက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိစေရေးအတွက် ကော်မတီသို့ ညှိနှိုင်းပေးပို့ရန်လိုအပ်ပါကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၆)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(ဆ)အရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံခြင်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန်တိုက်တွန်းကြောင်း အကြံပြုတင်ပြထားပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော်ကဖွဲ့စည်းသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့နှင့် ဆက်စပ်သည့်ဥပဒေများအား ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းနှင့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ရသုံးငွေများစိစစ်ခြင်းတို့ကို စည်းလုံးညီညွတ်စွာဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်ကော်မတီ၏လိုအပ်ချက်များကို လမ်းညွှန်အကြံပြုနိုင်ပါရန် ရည်ရွယ်၍ တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်**

**မူကြမ်း**

# ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
# ၂၀၁၆ ခုနှစ်၊ တစ်နှစ်တာ
# လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## နိဒါန်း

၁။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီဖွဲ့စည်းခဲ့သည်မှာ ၂၄-၂-၂၀၁၇ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည့်အတွက် တစ်နှစ်တာကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် အစီရင်ခံစာရေးသားပြုစု တင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုသိရှိပြီး လိုအပ်ချက်များကို လမ်းညွှန်မှုပြုနိုင်ပါရန်။

## ဖွဲ့စည်းခြင်း

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ အစည်းအဝေး၏ (၁၁) ရက် မြောက်နေ့ဖြစ်သည့် ၂၄.၂.၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၃၀/၂၀၁၆)ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| ဦးဝင်းသိန်းဇော် | ဆားလင်းကြီးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးကျော်မျိုးမင်း | မိုးညိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ဦးအောင်သန်းစိန် | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးရဲလွင် | အလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဒေါက်တာအောင်နိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးဝင်းထွန်း | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးနှိုယာအုပ် | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ဦးသက်လွင်(ခ) ဦးပေါခင် | မြင်းခြံမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီအဖွဲ့ဝင်များ ပြောင်းလဲဖွဲ့စည်းခြင်း**

၅။ (၇.၃.၂၀၁၆) ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဦးကျော်မျိုးမင်း(မိုးညှင်းမဲဆန္ဒနယ်) အစား ဦးသန်းညွန့်(ဖြူးမဲဆန္ဒနယ်) အားလည်းကောင်း၊ ဦးအောင်စိုး(သရက်ချောင်းမဲဆန္ဒနယ်) အစား ဦးနေလင်းထွန်း (ဘုတ်ပြင်းမဲဆန္ဒနယ်)အားလည်းကောင်း၊ ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်) အစား ဦးကျော်စိုး(ဇန်းမောက်မဲဆန္ဒနယ်) အားလည်းကောင်း၊ ဦးရဲလွင်(အလုံမဲဆန္ဒနယ်) အစား ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိမဲဆန္ဒနယ်) အားလည်းကောင်း ကော်မတီဝင်များအဖြစ် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီအဖွဲ့ဝင်များနှင့် လေ့လာသူများ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၆။ ထို့အပြင် ကော်မတီလုပ်ငန်းများဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ထပ်မံ၍ (၁၆.၂.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင်များအဖြစ် ဦးစိုးမြင့်(ခ)ဦးစိုးလွင်(ငဖဲမဲဆန္ဒနယ်)နှင့် ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်) တို့ကိုလည်းကောင်း၊ (၁၆.၂.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော် အမိန့်အမှတ်(၁၄/၂၀၁၇)ဖြင့်

ကော်မတီအဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ အစား ဗိုလ်မှူးကြီးကြည်ရွှေ အားလည်းကောင်း၊ (၁၆.၂.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် လေ့လာသူများအဖြစ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေနှင့် ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြည် တို့ကို လည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီ၏သက်တမ်း**

၇။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါ သည်။

၈။ ကော်မတီ၏ အင်္ဂလိပ်အမည်မှာ Investment and Industrial Development Committee ဖြစ်ပါသည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၉။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ သတ်မှတ်တာဝန်ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးရမည်။

(ဃ) အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးရမည်။

(င) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း

လိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ဥပဒေပြုခြင်း**

၁၀။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေ သတ်မှတ်ပေးချက်အရ စက်မှုဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရပါသည်။

(က) **ကော်မတီမှစိစစ်ရမည့်ဥပဒေများ**

(၁) (The Myanmar Patents and Designs (Emergency Provision) Act,1946 ( India Act , 1946,Vol.)

(၂) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၂၂ / ၁၉၉၀)

(၃) ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၂၈ / ၂၀၁၃)

(၄) ဘွိုင်လာဥပဒေ( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ / ၂၀၁၅)

(ခ) **ပြဋ္ဌာန်းပြီးဥပဒေများ**

(၁) ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈/၂၀၁၃)

(၂) ဘွိုင်လာဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၉/ ၂၀၁၅)

(ဂ) **ကော်မတီမှ ဆောင်ရွက်ဆဲဥပဒေကြမ်းများ**

(၁) စက်မှုဇုန်ဥပဒေ(မူကြမ်း)၊

**မူကြမ်း**

(၂) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၂၂/၁၉၉၀) အား စက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း) အဖြစ်ပြောင်းလဲဆွေးနွေးဆဲဖြစ်ကြောင်း။

(ဃ) **နည်းဥပဒေများ**

(၁) ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေကို (၁၂.၁.၂၀၁၆) ရက်နေ့တွင် နည်းဥပဒေအဖြစ် ထုတ်ပြန်ပြီး ဖြစ်ကြောင်း၊

(၂) ဘွိုင်လာဥပဒေသည် နည်းဥပဒေထုတ်ပြန်ခြင်းမရှိဘဲ လုပ်ထုံးလုပ်နည်း များဖြင့် ဆောင်ရွက်မည်ဟု သိရပါကြောင်း၊

(၃) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအား လေ့လာစိစစ်ဆောင်ရွက်ဆဲ ဖြစ်ကြောင်း။

၁၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း)အား ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင် (ပြည်ထောင်စုလွှတ်တော်)တွင် ပြုလုပ်သည့်အစည်းအဝေးအား ကော်မတီမှအဖွဲ့ဝင်(၂) ဦးဖြစ်သည့် ဦးဝင်းထွဋ်နှင့် ဦးအုန်းလွင်တို့ တက်ရောက်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ(ပြည်သူ့လွှတ်တော်)တွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးအား ကော်မတီ အဖွဲ့ဝင်(၅)ဦးဖြစ်သည့် ဦးဝင်းထွဋ်၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ၊ ဦးသန့်ဇင်ထွန်း၊ ဦးအုန်းလွင်နှင့် ဦးအောင်ကျော်ကျော်ဦး၊ ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင်လည်း ကော်မတီမှ ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)နှင့် ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်) တို့ဆွေးနွေးခဲ့ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပခြင်း**

၁၂။ ကော်မတီသည် ပထမပုံမှန်အစည်းအဝေးတွင် ကော်မတီဝင်များနှင့် မိတ်ဆက် အစည်းအဝေး (၂) ကြိမ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၇)ကြိမ်၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း) လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ စသည်တို့နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စက်မှုဇုန်ဥပဒေ

(မူကြမ်း)တို့နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး (၁)ကြိမ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ရှိ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စက်မှုလုပ်ငန်းဥပဒေကြမ်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး(၁)ကြိမ် ပြုလုပ်ခဲ့ပါသည်။

၁၃။ ကော်မတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၂)နှင့်ပတ်သက်၍ ပူးပေါင်းအဖွဲ့ဝင်များနှင့် (၂)ကြိမ် စက်မှုဝန်ကြီးဌာနနှင့် (၆)ကြိမ်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၃)ကြိမ် စုစုပေါင်း (၁၁)ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ကော်မတီဝင်များ ကော်မတီအစည်းအဝေးသို့ တက်ရောက်မှုအခြေပြဇယားကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း တင်ပြအပ်ပါသည်။

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

၁၄။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြား အဖွဲ့အစည်းများနှင့် (၂၄.၈.၂၀၁၆) ရက်နေ့တွင် Japan – Myanmar Economy & Investment Center (JMEIC) မှ Mr. Keita Inoue ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် (၁၄.၉.၂၀၁၆) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chong Qing မြို့တော်အခြေစိုက် YIN QIAO GROUP မှ ဥက္ကဋ္ဌ Mr. ZHAO YIN CHUN ဦးဆောင်သော အဖွဲ့တို့အားတွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စက်မှုလက်မှုဆိုင်ရာကိစ္စရပ်များ နှင့် လွှတ်တော်ကိုယ်စားလှယ် များနှင့်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြ ပါသည်။

**ကော်မတီ၏လေ့လာရေးခရီးစဉ်များ**

၁၅။ ၂၀၁၆ ခုနှစ် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့ (၁၂) မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသိန်းဇော် ခေါင်းဆောင်သည့် အဖွဲ့ဝင် (၈) ဦးသည် (၃.၁၂.၂၀၁၆) ရက်နေ့နှင့် (၄.၁၂.၂၀၁၆) ရက်နေ့တွင် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့လည်းကောင်း၊ ဥက္ကဋ္ဌဦးဘမျိုးသိန်းနှင့် ဒုတိယဥက္ကဋ္ဌ

ဦးဝင်းသိန်းဇော် ခေါင်းဆောင်သည့်အဖွဲ့ဝင် (၁၄)ဦး သည် (၁၀.၂.၂၀၁၆) ရက်နေ့တွင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) သို့လည်းကောင်း သွားရောက်လေ့လာခဲ့ပါသည်။

**ကော်မတီဝင်များပြည်ပခရီးစဉ်သွားရောက်မှု**

၁၆။ ဦးနှီးယာအုပ်(အဖွဲ့ဝင်) (၂၅.၄.၂၀၁၆) ရက်နေ့မှ (၂၇.၄.၂၀၁၆) ရက်နေ့အထိ G7 ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များညီလာခံနှင့်ပတ်သက်၍ ဂျပန်နိုင်ငံသို့ (၁)ကြိမ်နှင့် ဦးဝင်းသိန်းဇော် (ဥက္ကဋ္ဌ) (၂.၈.၂၀၁၆) မှ (၆.၈.၂၀၁၆)ထိ ဒုတိယအကြိမ်မြောက် ပါလီမန်ဆိုင်ရာ အာဆီယံအသိုက်အဝန်းဖိုရမ်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့ (၁)ကြိမ် သွားရောက်ခဲ့ပါသည်။

**ကော်မတီဝင်များ Workshop၊ Seminar နှင့် သင်တန်းများတက်ရောက်မှု**

၁၇။ ကော်မတီဝင်များသည် Workshop (၂၃) ကြိမ်၊ Seminar (၂) ကြိမ်နှင့် သင်တန်း (၃)ကြိမ် တက်ရောက်ခဲ့ပါသည်။ Workshop၊ Seminar နှင့် သင်တန်းများတက်ရောက်မှု အခြေပြဇယားကို နောက်ဆက်တွဲ (ခ) ဖြင့်ဖော်ပြအပ်ပါသည်။

**ကော်မတီဝင်များ၏ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုတင်သွင်းမှုအခြေအနေများ**

၁၈။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကိုလည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မေးခွန်း/အဆိုတင်သွင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၂၄.၂.၂၀၁၆) ရက်နေ့မှ (၂၄.၂.၂၀၁၇) ရက်နေ့အထိ တစ်နှစ်တာ ကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း (၉)ကြိမ်၊ ကြယ်ပွင့်မပြမေးခွန်း (၈၈)ကြိမ်နှင့် အဆိုတင်သွင်းမှု (၂) ကြိမ် တို့ကို ပြုလုပ်ခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

၁၉။ ကော်မတီနှင့်သက်ဆိုင်သည့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြဋ္ဌာန်းပြင်ဆင်မည့် ဥပဒေ၊ နည်းဥပဒေများ ဆောင်ရွက်ရန်ရှိပါက ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်လေ့လာနိုင်ရန်အတွက် အချိန်နှင့် တပြေးညီ ဆက်သွယ်ညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်အနေဖြင့် ကော်မရှင်၏ဆောင်ရွက်ချက်များအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရေး အတွက် ကော်မတီသို့ ညှိနှိုင်းပေးပို့ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၆)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဆ) အရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု လွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံခြင်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်း အကြံပြုအပ်ပါသည်။

**နိဂုံး**

၂၀။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့နှင့် ဆက်စပ်သည့် ဥပဒေများအား ရေးဆွဲပြဋ္ဌာန်းရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် အပြန်အလှန်ဆွေးနွေး ထိန်းညှိခြင်းနှင့် နိုင်ငံတော်၏ဘတ်ဂျက်များအား စိစစ်ခြင်းဖြင့် နိုင်ငံတော်၏တာဝန်များကို ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်လာသည့် ကိစ္စရပ်များကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမပုံမှန်အစည်းအဝေး (၂၄.၂.၂၀၁၆) မှ စတုတ္ထပုံမှန်အစည်းအဝေး (၂၄.၂.၂၀၁၇) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ တင်ပြချက်အား သဘောတူညီကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်-**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးဝင်းသိန်းဇော် | ဆားလင်းကြီးမဲဆန္ဒနယ် | ဥက္ကဋ္ဌ | ------------- |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| ၂။ | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၃။ | ဦးသန်းညွန့် | ဖြူးမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၄။ | ဦးနေလင်းထွန်း | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၅။ | ဦးကျော်စိုး | ဗန်းမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၆။ | ဦးသန့်ဇင်ထွန်း | ဒက္ခိဏသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၇။ | ဒေါက်တာဦးအောင်နိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၈။ | ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၉။ | ဦးဝင်းထွဋ် | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၀။ | ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၁။ | ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၂။ | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၃။ | ဦးနှိုယာအုပ် | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၄။ | ဗိုလ်မှူးကြီးကြည်ရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | -------------- |
| ၁၅။ | ဦးစိုးမြင့် (ခ) ဦးစိုးလွင် | ငဖဲမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၆။ | ဦးစိုးစံသက်ထွန်း | မြင်းမူမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၇။ | ဦးသက်လွင် (ခ) ဦးပေါခင် | မြင်းခြံမဲဆန္ဒနယ် | အတွင်းရေးမှူး | -------------- |
| ၁၈။ | ဒု-ဗိုလ်မှူးကြီးခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | -------------- |
| ၁၉။ | ဒု-ဗိုလ်မှူးကြီးခင်မောင်ကြည် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာ | နောက်ဆက်တွဲ (က) |

| စဉ် | အမည် | ရာထူး | မဲဆန္ဒနယ် | တက်ရောက်သည့် အကြိမ်စုစုပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ကော်မတီ အစည်းအဝေး (၂၁)ကြိမ် | စိစစ်ရေးပူးပေါင်း အဖွဲ့(၁၂)ဘတ်ဂျက် အစည်းအဝေး (၁၂)ကြိမ် | |

**မူကြမ်း**

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ဦးဝင်းသိန်းဇော် | ဥက္ကဋ္ဌ | ဆားလင်းကြီး | ၁၉ | ၇ | |
| ၂။ | ဦးပေါခင် (ခ) ဦးသက်လွင် | အတွင်းရေးမှူး | မြင်းခြံ | ၂၀ | ၁၂ | |
| ၃။ | ဦးအေးမင်းအောင် (ခ) ဦးမင်းမင်း | အဖွဲ့ဝင် | ပေါင်းတည် | ၂၁ | ၁ | |
| ၄။ | ဦးကျော်မျိုးမင်း | အဖွဲ့ဝင် | မိုးညို | ၁ | - | ၁၇-၃-၂၀၁၆ ပြောင်းရွှေ့ |
| ၅။ | ဦးအောင်စိုး | အဖွဲ့ဝင် | သရက်ချောင်း | ၁ | - | ။ |
| ၆။ | ဦးအောင်သန်းစိန် | အဖွဲ့ဝင် | ခန္တီး | ၁ | - | ။ |
| ၇။ | ဦးရဲလွင် | အဖွဲ့ဝင် | အလုံ | ၁ | - | ။ |
| ၈။ | ဒေါက်တာအောင်နိုင် | အဖွဲ့ဝင် | သပိတ်ကျင်း | ၁၇ | ၄ | |
| ၉။ | ဦးအုန်းလွင် | အဖွဲ့ဝင် | ညောင်တုန်း | ၂၀ | ၁ | |
| ၁၀။ | ဦးဝင်းထွဋ် | အဖွဲ့ဝင် | ဖျာပုံ | ၂၁ | ၁၂ | |
| ၁၁။ | ဦးအောင်ကျော်ကျော်ဦး | အဖွဲ့ဝင် | လှိုင် | ၁၉ | ၉ | |
| ၁၂။ | ဦးအောင်ခင်ဝင်း | အဖွဲ့ဝင် | မြိုင် | ၁၈ | - | |
| ၁၃။ | ဦးဖိုးမောင် | အဖွဲ့ဝင် | ဖယ်ခုံ | ၂၂ | ၁ | |
| ၁၄။ | ဦးနှိုင်ယာအုပ် | အဖွဲ့ဝင် | ဟားခါး | ၁၅ | ၁ | |
| ၁၅။ | ဗိုလ်မှူးကြီးကြည်ရွှေ | အဖွဲ့ဝင် | တပ်မတော်သား | ၁ | - | ၁၆-၂-၂၀၁၇ တွင်ရောက်ရှိ |
| ၁၆။ | ဦးသန်းညွန့် | အဖွဲ့ဝင် | ဖြူး | ၁၈ | - | ၁၇-၃-၂၀၁၆ တွင်ရောက်ရှိ |
| ၁၇။ | ဦးနေလင်းထွန်း | အဖွဲ့ဝင် | ဘုတ်ပြင်း | ၁၉ | ၁ | ။ |

| စဉ် | အမည် | ရာထူး | မဲဆန္ဒနယ် | တက်ရောက်သည့် အကြိမ်စုစုပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ကော်မတီ အစည်းအဝေး (၂၁)ကြိမ် | စိစစ်ရေးပူးပေါင်း အဖွဲ့(၁၂)ဘတ်ဂျက် အစည်းအဝေး | |

**မူကြမ်း**

| | | | | | (၁၂)ကြိမ် | |
|---|---|---|---|---|---|---|
| ၁၈။ | ဦးကျော်စိုး | အဖွဲ့ဝင် | ဗန်းမော် | ၁၉ | ၁ | ၁၇-၃-၂၀၁၆ တွင်ရောက်ရှိ |
| ၁၉။ | ဦးသန့်ဇင်ထွန်း | အဖွဲ့ဝင် | ဒက္ခိဏသီရိ | ၁၄ | ၆ | ။ |
| ၂၀။ | ဦးစိုးမြင့် (ခ) ဦးစိုးလွင် | အဖွဲ့ဝင် | ငဖဲ | - | - | ၁၆-၂-၂၀၁၇ တွင်ရောက်ရှိ |
| ၂၁။ | ဦးစိုးစံသက်ထွန်း | အဖွဲ့ဝင် | မြင်းမူ | ၁ | - | ၁၆-၂-၂၀၁၇ တွင်ရောက်ရှိ |
| ၂၂။ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေ | အဖွဲ့ဝင် | တပ်မတော်သား | ၁၇ | ၁၁ | ၁၆-၂-၂၀၁၇ တွင် လေ့လာသူအဖြစ် ပြောင်းဖွဲ့ |
| ၂၃။ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြည် | အဖွဲ့ဝင် | တပ်မတော်သား | ၁ | - | ၁၆-၂-၂၀၁၇ တွင်ရောက်ရှိ |

နောက်ဆက်တွဲ(ခ)

| စဉ် | တက်ရောက်သူအမည် | တာဝန် | တက်ရောက်သည့်အကြိမ် | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | Workshop | Seminar | သင်တန်း | |
| ၁။ | ဦးဝင်းသိန်းဇော် | ဥက္ကဋ္ဌ | ၈ | - | ၂ | |

**မူကြမ်း**

| စဉ် | တက်ရောက်သူအမည် | တာဝန် | တက်ရောက်သည့်အကြိမ် | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | Workshop | Seminar | သင်တန်း | |
| ၂။ | ဦးသက်လွင်(ခ) ဦးပေါခင် | အတွင်းရေးမှူး | ၁၀ | ၁ | ၂ | |
| ၃။ | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | အဖွဲ့ဝင် | ၆ | - | ၂ | |
| ၄။ | ဦးသန့်ဇင်ထွန်း | အဖွဲ့ဝင် | ၈ | ၁ | ၂ | |
| ၅။ | ဦးဝင်းထွဋ် | အဖွဲ့ဝင် | ၇ | ၁ | ၃ | |
| ၆။ | ဦးအောင်ခင်ဝင်း | အဖွဲ့ဝင် | ၄ | ၁ | ၁ | |
| ၇။ | ဦးကျော်စိုး | အဖွဲ့ဝင် | ၆ | - | ၂ | |
| ၈။ | ဦးအောင်ကျော်ကျော်ဦး | အဖွဲ့ဝင် | ၆ | - | ၂ | |
| ၉။ | ဒေါက်တာအောင်နိုင် | အဖွဲ့ဝင် | ၅ | - | ၂ | |
| ၁၀။ | ဦးဖိုးမောင် | အဖွဲ့ဝင် | ၃ | ၁ | ၂ | |
| ၁၁။ | ဦးနေလင်းထွန်း | အဖွဲ့ဝင် | ၄ | ၁ | ၁ | |
| ၁၂။ | ဦးသန်းညွန့် | အဖွဲ့ဝင် | ၂ | ၁ | ၂ | |
| ၁၃။ | ဦးအုန်းလွင် | အဖွဲ့ဝင် | ၄ | - | ၂ | |
| ၁၄။ | ဦးနိုယာအုပ် | အဖွဲ့ဝင် | ၃ | - | ၂ | |
| ၁၅။ | ဒုဗိုလ်မှူးကြီးခင်မောင်ဆွေ | လေ့လာသူ. | ၂ | - | - | |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၇-၇-၂၀၁၇ ရက်နေ့(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတဲ့ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ ၁၃-၆-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၁၅-၆-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ချီဖွေ မဲဆန္ဒနယ်မှ ဦးဇုန်းတိန့်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်နဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ် တို့က ပြန်လည်စိစစ်ကြပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း သဘောတူ ကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင် ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ (၆.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဒေါ်အေးမြမြမျိုး
(ကျောက်တန်း မဲဆန္ဒနယ်)



ဦးဘရှိန်
(ကျောက်ဖြူ မဲဆန္ဒနယ်)



ဦးသန်းအောင်
(ငပုတော မဲဆန္ဒနယ်)



ဦးစိုင်းဝေါင်းဆိုင်ဟိန်း
(မောက်မယ် မဲဆန္ဒနယ်)



ဦးအာမိုးဆီ
(ခေါင်လန်ဖူး မဲဆန္ဒနယ်)



ဦးခင်မောင်သိန်း
(စစ်ကိုင်း မဲဆန္ဒနယ်)



ဦးကျော်လင်း (ဒုဝန်ကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန



ဒေါက်တာဝင်းမြတ်အေး (ဝန်ကြီး)
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်